ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့၊ (28-5-2011) (၆၇၇၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိ
အခြားမြို့ကြီးများ စံနမူနာယူရသည့် သန့်ရှင်းသာယာလှပသော ရန်ကုန်မြို့ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်

သုတေသနလုပ်ငန်းများအနက် နိုင်ငံဖွံ့ဖြိုးရေးကို မြန်ဆန်စွာ အကျိုးပြုမည့် ရေတိုသုတေသနကို ဦးစားပေး
မြန်မာနိုင်ငံ ပညာရေးကဏ္ဍမြှင့်တင်ရေးကို အထောက်အကူပြုမည့် ပညာရှင်များ မွေးထုတ်ပေးရေး ကြိုးပမ်း

ရန်ကုန် မေ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ရောက်ရှိရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့ လိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရန်ကုန်တိုင်းဒေသကြီးမှ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများအား တွေ့ဆုံခွင့်ရသဖြင့် ဝမ်းသာပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဟူ၍ နှစ်ဖွဲ့ရှိလာပြီဖြစ်ကြောင်း၊ အဆိုပါ အစိုးရအဖွဲ့များနောက်တွင် တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ တာဝန်ယူရမှုများလည်း လိုက်ပါလာကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက္ကသိုလ်များ သိပ္ပံသုတေသနဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

၂၈-၅-၂၀၁၁
(စနေနေ့)

ဒီရေတောများ ပြုစုပျိုးထောင်ထိန်းသိမ်း

ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ကမ္ဘာ့ရာသီဥတု ပြောင်းလဲနေသည်။ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ဆီးနှင်းထူထပ်စွာကျရောက်ခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း စသည့် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းရိုက်ခတ်မှုဖြစ်စဉ်များကို တွေ့မြင်ကြားသိနေရသည်။

မြန်မာနိုင်ငံတွင်လည်း အပူပိုင်းမုန်တိုင်းများ သက်ရောက်မှုရှိခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း လွန်ခဲ့သော သုံးနှစ်ခန့်က ပြင်းထန်သောမုန်တိုင်းတိုက်ခတ်ခဲ့ရာ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်။ သို့ရာတွင် ဒီရေတောများ အကာအကွယ်ရခဲ့သည့် ကျေးရွာအချို့၌ ထိခိုက်ပျက်စီးမှု နည်းပါးခဲ့သည်။ ယခုအခါ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် မုန်တိုင်းအန္တရာယ်ကာကွယ်မှု အထောက်အကူပြု ဒီရေတောစိုက်ခင်းများ ပြုစုပျိုးထောင်နေကြပြီဖြစ်သည်။

ဒီရေတောများသည် ပင်လယ်နှင့် ကုန်းမြေအကြားတွင် ပေါက်ရောက်နေသည့် အပင်အဖွဲ့အစည်းဖြစ်သည်။ ဒီရေ၊ မြေကြီး၊ ရေချို၊ ဇီဝဆွေးမြည့်အနည်အနှစ် ရွှံ့မြေတို့ ပါဝင်ဖွဲ့စည်းထားသည်။ ငါး၊ ပုစွန်၊ ကဏန်း၊ ကမာ၊ ဌာနေပျော်ငှက်များ၊ တွားသွားသတ္တဝါများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာ ဂေဟစနစ်ကြီးတစ်ခုလည်းဖြစ်သည်။ ရခိုင်ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် ကမ်းရိုးတန်းဒီရေတောများနှင့် ကုန်းတွင်းဒီရေတောများရှိသည်။

ဒီရေတောများ ရှိနေခြင်းကြောင့် လယ်ယာမြေများသို့ ဆားငန်ရေဝင်ရောက်မှုကို တားဆီးပေးသည့်အပြင် လေပြင်းမုန်တိုင်း တိုက်ခတ်မှုမှလည်း အကာအကွယ်ပေးနိုင်သည်။ ထို့အပြင် ငါး၊ ပုစွန်များတစ်နှစ်ပတ်လုံးရှင်သန်ပေါက်ပွားကြီးထွားစေရန် အစာကွင်းဆက်ကို သဘာဝအလျောက်ဖြစ်ပေါ်စေသဖြင့် စားနပ်ရိက္ခာ ဖူလုံမှုအတွက် အကျိုးပြုလျက်ရှိသည်။

ယခုအခါ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင် လေဒဏ်၊ လှိုင်းဒဏ်၊ မုန်တိုင်းဒဏ်ကာကွယ်နိုင်ရန် ဒီရေတောများ တိုးချဲ့ စိုက်ပျိုးထူထောင်လျက်ရှိသည်။ သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောပျိုးဥယျာဉ်၊ ဒီရေတောသုတေသနစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒေသခံအစုအဖွဲ့ပိုင် စိုက်ခင်းများတည်ထောင်ခြင်းတို့ ဆောင်ရွက်နေကြပြီဖြစ်သည်။

မုန်တိုင်းအန္တရာယ်ကာကွယ်မှုနှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးမှုအကျိုးပြုဒီရေတောများ တိုးချဲ့စိုက်ပျိုးခြင်း၊ စိုက်ပျိုးဥယျာဉ်နှင့် ဒီရေတောဂေဟစနစ် ထိန်းသိမ်းထူထောင်ခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနတို့နှင့်အတူ ဒေသခံပြည်သူများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် ဒေသအလိုက် ဒီရေတောများ ရှင်သန်ဖွံ့ဖြိုး စိမ်းလန်းစိုပြည်အကျိုးဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

ရွှေကျင်မြို့နေ မိခင်ကြီး ဒေါ်အုန်းကြည်အား အမှူးထား၍ ဦးမိုးအောင်-ဒေါ်အေးအေးသင်း၊ သမီး မမေသဇင်ဖူး၊ မချောရတနာငြိမ်း(ဇမ္ဗူရာဇ်ကုမ္ပဏီ)က ဒိုက်ဦးမြို့ ကန်ဦး အထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းသို့ ကန်ဦးဖောင်ဒေးရှင်း ပညာသင်ဆုအတွက် မတည်အလှူငွေကျပ်သိန်း ၅၀နှင့် တိုးချဲ့ဆောင်အတွက် ၁၇ သိန်း စုစုပေါင်း ၆၇ သိန်းကို ဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(ဆင်သရဖူ)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တို တို ထွာ ထွာ ဖတ် စ ရာ

သဲကုန်းမြို့နယ်၌ မိုးကြိုးပစ် တစ်ဦးသေဆုံး

သဲကုန်း မေ ၂၇

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ဇီးအုပ်ကျေးရွာအုပ်စု ရွှေတဲသဲကုန်းကျေးရွာ၌ မေ ၂၃ ရက် ညနေ ၅ နာရီခွဲခန့်က မိုးရွာသွန်းပြီး လူသုံးဦးနှင့် နွားတစ်ကောင် မိုးကြိုးပစ်ခံခဲ့ရသည်။

ဖြစ်စဉ်မှာ ဇီးအုပ်ကျေးရွာအုပ်စု ရွှေတဲသဲကုန်းရွာနေ ဒေါ်စန်းရီ အသက် (၅၀) (ဘ) ဦးဂတုံး၊ ဒေါ်ချိန် အသက် (၅၀) (ဘ) ဦးညိုနှင့် မတင်တင်မိုး (ဘ) ဦးကျော်တို့သုံးဦးမှာ ပဲခင်းမှအပြန် လမ်းတွင် မိုးကြိုးပစ်ခံရ၍ ဒေါ်စန်းရီနှင့် နွားတစ်ကောင်မှာ သေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ပေါင်းတည်မြို့နယ် မှတ်တိုင်တိုက်နယ်ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရေးဝန်ကြီးဌာန ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၇

ပညာရေးဝန်ကြီးဌာန ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် အဆင့်မြှင့်ပညာကဏ္ဍ ပြန်လည်ဆွေးနွေးချက်များကို အဆင့်မြှင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာသိမ်းမြင့်က လည်းကောင်း၊အခြေခံပညာကဏ္ဍ ပညာရည်မြင့်မားရေး ပြန်လည်ဆွေးနွေးချက်များကို အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးတင်ညိုက လည်းကောင်း၊ ပညာရှင်များက လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးမှာကြားပြီး အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ ဆင်ပေါင်ဝဲမြို့၌ကျင်းပ

ဆင်ပေါင်ဝဲ မေ ၂၇

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် ဆင်ပေါင်ဝဲမြို့ အမှတ်(၁)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြအေး တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဇာဆုန်းက ကျောင်းအပ်နှံရေးနေ့ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ကျောင်းအပ်နှံရေးအတွက် ချို့တဲ့နွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ် ၄၈ ဒါဇင်၊ ခဲတံ ၁၀ ဒါဇင်နှင့် အလှူငွေကျပ် ၄၂၀၀၀ ကို ပေးအပ်လှူဒါန်းကြပြီး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်လွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မေ ၂၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းက မိခင်နှင့် ကလေးသေဆုံးမှု ကျဆင်းရေးအတွက် ကိုယ်ဝန်ဆောင်များအား ကျန်းမာရေးအသိပညာပေး ဟောပြောစဉ်။ (၅၄၆)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၈-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၂၅	၄။	မျိုးချစ်တပ်မတော်
၇း၃၀	၅။	မြန်မာ့ရှုခင်း
၇း၄၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၁၀	၁။	နိုင်ငံတော်သီချင်း
၁၁း၁၅	၂။	အဖွင့်သီချင်း
၁၁း၂၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် -ဘော့စ်ဘောကြယ်ပွင့်များ (အပိုင်း-၇)
၁၂း၀၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း -ဂျင်းစိမ်းနဲ့မိဿလင် (ကျော်ရဲအောင်၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-အောင်ဗပါဝါ)**
၁း၃၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ(အပိုင်း-၇၀)**

ညပိုင်း

၄း၀၇	၁။	နိုင်ငံတော်သီချင်း
၄း၁၃	၂။	အဖွင့်သီချင်း
၄း၁၅	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၃၀	၅။	မြန်မာသံစဉ်
၄း၄၀	၆။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀	၇။	ကုန်သွယ်သုတ
၄း၅၅	၈။	ခေါင်းလောင်းသံချို အားမာန်ပို
၅း၁၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၃။	လျှပ်တစ်ပြက်
၆း၂၀	၁၄။	စားဖိုဆောင်ချစ်သူ
၆း၄၀	၁၅။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၂၆)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	လူ့ရှင်တော်စတား
	၂၂။	အင်္ဂလိပ်စာသုတ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၁၇)**
	၂၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၅၆)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ လှူဒါန်းသော ကယ်ဆယ်ရေးသုံး ပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာနသို့ JICA အစီအစဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံရှိ မီးသတ်ဦးစီးဌာန၌ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် သင်တန်းများတွင် ကယ်ဆယ်ရေးသုံးပစ္စည်းများကို ပြည့်စုံစွာဖြင့် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ရည်ရွယ်၍ ကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်သည်။

အခမ်းအနားတွင် JICA မှ ဌာနေကိုယ်စားလှယ်အကြီးအကဲ Mr.Hideo MIYAMOTO က ကယ်ဆယ်ရေးပစ္စည်းများဖြစ်သော လေမွေ့ရာ (Safety Air Cushion)၊ မီးခိုးစုပ်စက် (Smoke Ejector)၊ ဖိအားသုံးဖြတ်စက်/ပြန့်ကားစက်များ (Hydraulic Cutter & Spraders) နှင့် ပါဝါယူနစ် (Power Unit)၊ မီးကာဝတ်စုံ (Fireman's Suits) များ အပါအဝင် ပစ္စည်းကိရိယာ ၁၆ မျိုးကို ပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် JICA မှ လှူဒါန်းသော ကယ်ဆယ်ရေးသုံးပစ္စည်းများဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့သရုပ်ပြသခြင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ JICA မှ ပေးအပ်လှူဒါန်းသော ပစ္စည်း ၁၆ မျိုး၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၁၂၉၄ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပါရမီဆေးရုံ MRI အဆောက်အအုံဖွင့်ပွဲနှင့် Monsoon Discount and Lifestyle Fair 2011 ဖွင့်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၂၇

မရမ်းကုန်းမြို့နယ် ပါရမီလမ်းသစ်ရှိ ပါရမီဆေးရုံ၏ Magnetic Resonance Imaging (MRI) အဆောက်အအုံ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ယင်းအဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးပြီး ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦးနှင့် တော်ဝင်ပါရမီ ဇီဝသိပ္ပံ ကုမ္ပဏီလီမိတက် နာယက ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် အဆောက်အအုံအတွင်းရှိ (MRI) ဓာတ်မှန်ရိုက်စက်၊ ပါရမီဆေးရုံ ဓာတ်ရောင်ခြည်ဌာနခွဲရှိ Ultrasonograph အခန်းနှင့် Digital ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပသော Monsoon Discount and Lifestyle Fair 2011 ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ပြပွဲခန်းမအတွင်း လှည့်လည် ကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ယာပုံ)** ယင်းပြပွဲတွင် ကုမ္ပဏီ ၃၀ မှ အရောင်းပြခန်းပေါင်း ၉၀ ကျော်ဖြင့် လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသထားပြီး မေ ၃၀ ရက်အထိ ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်းလှမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

မင်းလှ မေ ၂၇

မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် သဲကောကျေးရွာအုပ်စု သဲကောကျေးရွာ မူလတန်းလွန်ကျောင်းပိုင်မြေကွက်လပ် ၁ ဒသမ ၇၅ ဧက၌ မေ ၂၂ ရက်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ သစ်ပင်စိုက်ပျိုးကို မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအုန်းလွင်နှင့် သစ်တောဝန်ထမ်းများက ကြီးကြပ်၍ အင်အား ၇၀၀ ဖြင့် ကျွန်းပင် ၁၅၀၀ နှင့် ယူကလစ်ပင် ၅၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရှမ်းပြည်နယ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၇

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရှမ်းပြည်နယ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေပေးသည့် သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသုံးဖတ်စာအုပ်များကို ပြည်နယ်ပညာရေးမှူး ဦးလှဝင်းထံ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ဖြူဖြူညွန့်က အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ လှူဒါန်းသည့် ဗလာစာအုပ် ဒါဇင် ၁၀၅၀၀ နှင့် ပလတ်စတစ်ခုံ ၃၅၀ကို လွှဲပြောင်းပေးအပ်ရာ တောင်ကြီးခရိုင် ပညာရေးမှူး ဒေါ်တင်မြင့်က လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ကျောင်းသုံးစာသင်ခုံ ၃၆၀ တန်ဖိုးငွေကျပ် ၅၂၂၀၀၀၀ ကို ပြည်နယ်ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး) ဦးအောင်ဝင်းက လည်းကောင်း လက်ခံကြသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ငွေကျပ် ၁၀ သိန်း အပါအဝင် အခြေခံပညာကျောင်းများမှ ကျောင်း အကျိုးတော်ဆောင်များ၊ အလှူရှင်များက သက်ဆိုင်ရာ ကျောင်းများအလိုက် အလှူငွေများ၊ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသုံးစာအုပ်ဖိုးကျသင့်အလှူငွေများကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ပညာရေးဝန်ထမ်းများထံ ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ပေါ်ရှိ အထက(၄)၊ အထက(၅)၊ အလက(၃)၊ အမက(၈) တို့တွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှု၍ ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်တို့ကို အတန်းလိုက် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာသောက်သုံးရေရရှိရေး ဆောင်ရွက်ပေး

ဘိုကလေး မေ ၂၇

မင်္ဂလာမြန်မာသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လျက်ရှိသည့် ဘေးအန္တရာယ်များ လျော့နည်းစေရေးအတွက် အဝီစိစက်ရေတွင်းများကို နာဂစ်လေဘေးသင့်ဒေသများ၌ ၂၀၁၁ ခုနှစ်အတွက် ရွာပေါင်း ၁၀၀ ကျော်တွင် ဆောင်ရွက်ပေးရန် စီမံချက်ရေးဆွဲထားရာ ယခုအခါ ပထမအသုတ်အနေဖြင့် ဖျာပုံမြို့နယ်အတွင်းရှိ တယ်ပင်ဆိပ်ကျေးရွာအုပ်စု၊ ဆိပ်မကျေးရွာအုပ်စုနှင့် ဘိုကလေးမြို့နယ်အတွင်းရှိ ကြည်စုကျုံဖားကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၁၀ ရွာခန့်တွင် ကောင်းမွန်သော သောက်သုံးရေရရှိရေးအတွက် အနက်ပေ ၈၀၀ နီးပါးအထိ တူးဖော်ပြီးရရှိလာသော သောက်သုံးရေကို သိုလှောင်ရန် ရေဂါလန် ၁၆၀၀ ဆံ့ ကွန်ကရစ်ရေကန်၊ ရေစက်အိမ်၊ အင်ဂျင်နှင့် ရေပိုက်ပစ္စည်းတို့ကိုလည်း ဆောက်လုပ်ပေးခဲ့သည်။

အထက်ပါ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်ရွာလူထုပါဝင်မှုဖြင့် ရေအရင်းအမြစ် စီမံခန့်ခွဲရေးအယူအဆကို အခြေခံ၍ ဆောင်ရွက်လျက်ရှိပြီး ဤအစီအစဉ်ကို လူမှုရေးအဖွဲ့အစည်းမှ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရှိရသည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၇ - ၅ - ၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၀၄၆	၀. ၀၃၂၈၉
တရုတ် (ယွမ်)	၆. ၄၉၅၀၀	၀. ၁၅၃၉၆
အိန္ဒိယ (ရူပီး)	၄၅. ၁၆၀၀	၀. ၀၂၂၁၄
မလေးရှား (ရင်းဂစ်)	၃. ၀၂၇၅၀	၀. ၃၃၀၃၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၆၅၅	၀. ၈၀၈၇၀
ဂျပန် (ယန်း)	၈၁. ၁၈၅၉	၀. ၀၁၂၃၂
တောင်ကိုရီးယား(ဝမ်)	၁၀၈၃. ၀၁	၀. ၀၀၀၉၂
ယူရို	၀. ၇၀၀၁၅	၁. ၄၂၈၂၇
ဗြိတိသျှ (ပေါင်)	၀. ၆၀၈၃၂	၁. ၆၄၃၈၈

အင်တာနက်။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ဘိုးဘွားရိပ်သာ၌ ဆောက်လုပ်လျက်ရှိသည့် အဘိုးဆောင်နှင့် ဆေးခန်း အမြန်ဆောက်လုပ်ပြီးစီးနိုင်ရေးအတွက် မေ ၁၉ ရက်က ရန်ကုန်မြို့နေ ဦးစိန်မြင့်-ဒေါ်ဝင်းကြည် မိသားစုက ငွေကျပ် ၃၅၅၀၀၀၀ လာရောက်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသိန်းရွှေတို့ လက်ခံယူစဉ်။ (သတင်းစဉ်)

ပြင်သစ်ရဟတ်ယာဉ်တင် သင်္ဘောလေးစင်း ရုရှားသို့ ရောင်းချ

ပါရီ မေ ၂၇

ရုရှားနိုင်ငံသို့ ပြင်သစ်စစ်သင်္ဘောလေးစင်း ရောင်းချရေးဆိုင်ရာစာချုပ်ကို နှစ်ဦးနှစ်ဖက် သဘောတူညီကြပြီဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက သောကြာနေ့တွင် ကြေညာသည်။

မစ်ထရီရယ် အမျိုးအစား ရဟတ်ယာဉ်တင် သင်္ဘောလေးစင်း အရောင်းအဝယ်ကိစ္စကို ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲ ကျင်းပရာ ပြင်သစ်နိုင်ငံ ဒူဗိုလီမြို့တွင် နောက်ဆုံးညှိနှိုင်း အဆုံးသတ်ခဲ့ခြင်းဖြစ်ပြီး လာမည့်ရက်သတ္တနှစ်ပတ်အတွင်း လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

မစ်ထရီရယ်ရဟတ်ယာဉ်တင်သင်္ဘောတစ်စင်း ဆိပ်ကမ်း၌ ဆိုက်ကပ်ထားစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဆိုပါသင်္ဘောလေးစင်းအနက် နှစ်စင်းကို ပြင်သစ်နိုင်ငံတွင် တည်ဆောက်မည်ဖြစ်ပြီး နှစ်စင်းကို ရုရှားနိုင်ငံတွင် တည်ဆောက်မည်ဖြစ်သည်။

ယင်းသို့ တည်ဆောက်မည့် အစီအစဉ်ကို နှစ်နိုင်ငံ သဘောတူညီခဲ့ပြီးဖြစ်ကြောင်း ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့်အတူ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဤသဘောတူညီမှုသည် စစ်အေးကာလကို အတိတ်မှာ ထားရစ်ခဲ့ပြီး ရုရှားနိုင်ငံအား မိတ်ဆွေအဖြစ် သဘောထားကြကြောင်း သက်သေသာဓကပြသခြင်းဖြစ်သည်ဟု ပြင်သစ်သမ္မတက ထပ်လောင်းပြောကြားခဲ့သည်။

ယင်းရဟတ်ယာဉ်တင် သင်္ဘောတစ်စင်းလျှင် ယူရိုသန်း ၄၀၀နှင့် ၅၀၀ (အမေရိကန်ဒေါ်လာ ၅၂၅ သန်းနှင့် ၆၅၅ သန်း) အကြား ကုန်ကျမည်ဟု ခန့်မှန်းရသည်။

လွန်ခဲ့သည့်နှစ်နှစ်ခန့်မှစ၍ အရောင်းအဝယ်ကို ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း ဈေးနှုန်းနှင့်နည်းပညာ လွှဲပြောင်းပေးရေး အကြောင်းများပေါ်တွင် သဘောတူညီမှု မရရှိခဲ့သဖြင့် ကြန့်ကြာနေခြင်းဖြစ်သည်။

ရုရှားနိုင်ငံက ဂျော်ဂျီယာကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့် ပဋိပက္ခဖြစ်ခဲ့လျှင် ယင်းသင်္ဘောများကို အသုံးပြုနိုင်သဖြင့် ပြင်သစ်၏ မိတ်ဆွေ နေတိုးအဖွဲ့ဝင်နိုင်ငံများက စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ ***အင်တာနက်။***

နေရောင်ခြည်စွမ်းအင်သုံးနေအိမ် အလုံးပေါင်း ၁၀ သန်း ဂျပန်တည်ဆောက်မည်

တိုကျို မေ ၂၇

ဂျပန်နိုင်ငံ၌ နေရောင်ခြည်စွမ်းအင်သုံး နေအိမ် အလုံးပေါင်း ၁၀သန်း တည်ဆောက်မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်း၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းဌာနများက မေ ၂၇ ရက်တွင် ရေးသားဖော်ပြသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ ထူထောင်မှု နှစ် ၅၀ပြည့်အထိမ်းအမှတ် အခမ်းအနားကို မေ ၂၆ရက်က ကျင်းပရာတွင် ဂျပန်ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၌ မတ်လအတွင်းက မြေငလျင်လှုပ်မှုကြောင့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံ ပျက်စီးခဲ့ရပြီး အဏုမြူရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ပြီးနောက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုကို အစိုးရက မြှင့်တင်အားပေးလျက်ရှိသည်။

ဂျပန်နိုင်ငံ၏ အမျိုးသားစွမ်းအင်မူဝါဒကို အစိုးရက ပြန်လည်ဖျက်သိမ်းလိုက်ပြီဖြစ်သည်။ ယင်းမူဝါဒအရ ဂျပန်နိုင်ငံသည် ၂၀၃၀ပြည့်နှစ်ထက်နောက်မကျဘဲ နိုင်ငံစွမ်းအင်လိုအပ်ချက်၏ ထက်ဝက်ကို နျူကလီးယားစက်ရုံများက ထုတ်လုပ်ပေးရန်ဖြစ်သည်။

အင်တာနက်။

အပြန်အလှန်မယုံသင်္ကာမှုများ ပေါ်ပေါက်နေခြင်းကြောင့် အမေရိကန် စစ်ရေးမစ်ရှင်များကို ထိန်းညှိရန် ပါကစ္စတန်ကြိုးပမ်း

အစ္စလာမ္မာဘတ် မေ ၂၇

ပါကစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးမှူးများ၏ အရေအတွက်ကို ထက်ဝက်အထိလျှော့ချရန် ပါကစ္စတန်အစိုးရက အမေရိကန်ပြည်ထောင်စုသို့ ထုတ်ဖော်ပြောကြားခဲ့ရာ မဟာမိတ်နှစ်နိုင်ငံအကြား အပြန်အလှန်မယုံကြည်မှုများ ဖြစ်ပေါ်နေခြင်း၏ နောက်ဆုံးလက္ခဏာရပ်ဖြစ်ကြောင်း မေ ၂၆ ရက် သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်စစ်ဘက်ကို အခါတော်ပေးနေသည့် အမေရိကန်အထူးတပ်ဖွဲ့ လေ့ကျင့်ရေးမှူးအချို့ကို လိုအပ်ခြင်း မရှိတော့ကြောင်း ပါကစ္စတန်နိုင်ငံက လွန်ခဲ့သော ရက်သတ္တတစ်ပတ်၊ နှစ်ပတ်ခန့်က အမေရိကန်ပြည်ထောင်စုသို့ အသိပေးခဲ့သည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။

ပါကစ္စတန် တာဝန်ရှိသူများ၏ အဆိုအရ အဆိုပါဆုံးဖြတ်ချက်ကို အမေရိကန်အထူးတပ်ဖွဲ့ဝင်များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးခဲ့ပြီး သုံးရက်အကြာ၌ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကူအညီပေးရမည့်အစား ပြဿနာများ ဖန်တီးမည့်သူများကို ပါကစ္စတန်နိုင်ငံက အလိုမရှိကြောင်း အမည်မဖော်လိုသူ ပါကစ္စတန် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်အထူးတပ်ဖွဲ့လေ့ကျင့်ရေးမှူးများ ရုပ်သိမ်းမှုသည် လာမည့်ဇွန်လအစောပိုင်းကာလ၌ စတင်နိုင်ဖွယ် ရှိကြောင်း ၎င်းကဆိုသည်။

ပါကစ္စတန်နိုင်ငံ၌ လက်ရှိ ရှိနေဆဲ အမေရိကန်စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးမှူးများ အရေအတွက်ကို အတိအလင်း ထုတ်ဖော်ခြင်းမရှိသော်လည်း ၂၀၀ မှ ၃၀၀ အကြားရှိမည်ဟု ခန့်မှန်းရသည်။

အချို့သော ပါကစ္စတန်နှင့် အမေရိကန် စစ်ဘက်သတင်းအရင်းအမြစ်များ၏ အဆိုအရ ပါကစ္စတန်နိုင်ငံအတွင်း အမေရိကန် အထူးတပ်ဖွဲ့ လေ့ကျင့်ရေးမှူး ၁၂၀ ခန့်ရှိပြီး ယင်းအရေအတွက်ကို ၅၀ အောက်လျှော့ချရမည် ဖြစ်ကြောင်း သိရသည်။

အယ်လ်ခိုင်ဒါခေါင်းဆောင် ဘင်လာဒင်ကို အမေရိကန်ရေတပ်အထူးတပ်ဖွဲ့ဝင်များက ပါကစ္စတန်နိုင်ငံတွင်း၌ပင် စီးနင်းသုတ်သင်ခဲ့ပြီးနောက် အမေရိကန်နှင့် ပါကစ္စတန်နိုင်ငံများအကြား မယုံသင်္ကာမှုများ ကြီးထွားလာခဲ့ရသည်။

ဘင်လာဒင်၏ ခြံဝန်းအား အမေရိကန်အထူးတပ်ဖွဲ့များက စီးနင်းတိုက်ခိုက်မှုကို ပါကစ္စတန်နိုင်ငံသား အများစုက နိုင်ငံ၏ အချုပ်အခြာအာဏာကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှုအဖြစ် ယူဆကြသည်။ ***ရိုက်တာ။***

ဂျပန်နိုင်ငံ ဂန်မာပြည်နယ် ကန်တိုလွင်ပြင် အနောက်မြောက်ပိုင်း အိုတာမြို့၌ နေရောင်ခြည်စွမ်းအင်သုံး နေအိမ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တိမ်းရှောင်ပုန်းအောင်းနေသည့် စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့သူ ရက်ကိုမလာဒစ်အား ဖမ်းဆီးရမိ

ဘဲလ်ဂရိတ် မေ ၂၇ ။ ။ စစ်ဘက်ဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟူသော စွဲချက်ဖြင့် ဥရောပတိုက်၏ အလိုရှိဆုံး တရားခံပြေး ရက်ကိုမလာဒစ်အား နှစ်ပေါင်းများစွာ တိမ်းရှောင်နေခဲ့ရာမှ ဖမ်းဆီးရမိခဲ့ပြီဖြစ်သည်ဟု ဆားဘီးယားသမ္မတ ဘောရစ်တာဒစ်က မေ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ရက်ကိုမလာဒစ်အား ဖမ်းဆီးနိုင်ခဲ့ပြီဖြစ်ကြောင်း ဆားဘီးယားသမ္မတနိုင်ငံကိုယ်စား မိမိတို့ကြေညာလိုက်သည်ဟု သမ္မတဘောရစ်တာဒစ်က သတင်းထောက်များအား ပြောကြားခဲ့သည်။

မလာဒစ်အား ဆားဘီးယားထောက်လှမ်းရေး အေဂျင်စီမှ ဖမ်းဆီးမိခဲ့ခြင်းဖြစ်ပြီး ၎င်းအား နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ စစ်ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးအပ်မည်ဟုလည်း သမ္မတက ပြောကြားသည်။

မလာဒစ်အား အဆိုပါခုံရုံးသို့ မည်သို့လွှဲပြောင်းပေးအပ်မည်ဟု ထုတ်ဖော်ပြောကြားမှု မရှိသော်လည်း လွှဲပြောင်းပေးအပ်မှုကို လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ ဘဲလ်ဂရိတ်မြို့ B92 အသံလွှင့်ဌာန၏ ပြောကြားချက်အရ ရက်ကိုမလာဒစ်အား မေ ၂၆ ရက်တွင် ဆားဘီးယားနိုင်ငံ မြောက်ပိုင်း ဇန်ဂျနင်မြို့အနီးရှိ ရွာတစ်ရွာမှ ဖမ်းမိခဲ့ခြင်းဖြစ်သည် ဟုဆိုသည်။

ဖမ်းဆီးခံခဲ့ရသည့် စစ်ရာဇဝတ်ကောင် ရက်ကိုမလာဒစ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရက်ကိုမလာဒစ်သည် ၁၉၉၅ ခုနှစ် ကတည်းက ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၁၉၉၂ - ၁၉၉၈ ခုနှစ်အတွင်း ၎င်း၏ တပ်ဖွဲ့ဝင်များကျူးလွန်ခဲ့သည့် ကုလသမဂ္ဂအစောင့်အရှောက်ခံ ဘော့စနီးယားနိုင်ငံသား လူမျိုးစုဝင် ၈၀၀၀ တို့အား မျိုးဖြုတ်သတ်ဖြတ်မှုနှင့် ရက်စက်ကြမ်းကြုတ်စွာ ပြုမူလုပ်ဆောင်ခဲ့မှုတို့ဖြင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ တရားရုံးက ၎င်းကို တရားစွဲဆိုထားခြင်း ဖြစ်သည်။ ***ဆင်ဟွာ။***

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ စူးစမ်းလေ့လာရေး စက်ရုပ်ယာဉ်ကို နာဆာအဖွဲ့ စွန့်လွှတ်

ဝါရှင်တန် မေ ၂၇

အင်္ဂါဂြိုဟ်၏ ပြင်းထန်သော ဆောင်းရာသီကြောင့် လုပ်ငန်းစွမ်းဆောင်နိုင်မှု အဆုံးသတ်သွားဖွယ်ရှိသည့် Spirit အမည်ရှိ စက်ရုပ်နည်းပညာသုံး အင်္ဂါဂြိုဟ် စူးစမ်း လေ့လာရေးယာဉ်နှင့် အဆက်အသွယ် ပြန်လည်ရရှိရန် ကြိုးပမ်းမှုများကို ရပ်ဆိုင်းလိုက်ရပြီဖြစ်ကြောင်း အမေရိကန်အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)က မေ ၂၄ရက်တွင် ပြောကြားခဲ့သည်။

၂၀၁၀ ခုနှစ် မတ် ၂၂ ရက်အထိ Spirit အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးယာဉ်နှင့် အဆက်အသွယ်ရရှိဆဲဖြစ်ကြောင်း နာဆာအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စူးစမ်းလေ့လာခဲ့

၂၀၀၄ ခုနှစ် ဇန်နဝါရီလက အင်္ဂါဂြိုဟ် မြေမျက်နှာပြင်ပေါ်သို့ စတင်ဆင်းသက်ခဲ့သော Spirit စူးစမ်းလေ့လာရေးယာဉ်သည် ဂြိုဟ်မျက်နှာပြင်ပေါ်၌ သုံးလမျှသာလုပ်ငန်းစွမ်းဆောင်မှုကို ထိန်းသိမ်းထားနိုင်မည်ဟု ယူဆခဲ့ကြသော်လည်း ယင်းစက်ရုပ်ယာဉ်သည် ခြောက်နှစ်ကျော်ကြာမျှအထိ အင်္ဂါဂြိုဟ်စူးစမ်းလေ့လာမှုကို လုပ်ဆောင်နိုင်ခဲ့သည်။

ပျက်စီးခဲ့

အလေးချိန် ၁၈၀ ကီလိုဂရမ်ရှိပြီး ဘီးခြောက်ဘီးပါဝင်သော Spirit စက်ရုပ်ယာဉ်သည် အင်္ဂါဂြိုဟ်၏ တောင်ယာဉ်စွန်းတန်းဒေသရှိ ထရွိုင်ချိုင့်ဝှမ်းအစပ်၌ ပျက်စီးမှုဖြစ်ပေါ်ကာ သဲပြင်ထဲမှ ရုန်းထွက်နိုင်စွမ်း မရှိတော့ပေ။

Spirit စက်ရုပ်ယာဉ် သဲပြင်ထဲမှ လွတ်မြောက်ရန် အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခဲ့ခြင်း မရှိကြောင်း နာဆာအဖွဲ့က ပြောကြားသည်။ လှုပ်ရှားနိုင်မှု မရှိတော့သည့် Spirit စက်ရုပ်ယာဉ်၏ နေစွမ်းအင် စုဆောင်းရယူသော ဆိုလာပြားများပေါ်သို့ သဲများ တစ်စတစ်စဖုံးလွှမ်းလာမှုကြောင့် ယင်းယာဉ်၏ ဘက်ထရီများကို စွမ်းအင်ပြန်လည်ဖြည့်ဆည်းပေးနိုင်မှု မရှိတော့ကြောင်း သတင်းတွင် ဖော်ပြသည်။

အေအက်ဖ်ပီ။

နာဆာအဖွဲ့မှ စွန့်လွှတ်ခဲ့သည့် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး စက်ရုပ်ယာဉ် Spirit။
(ဓာတ်ပုံ-အင်တာနက်)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်နှင့် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသသာသနာပြု ရဟန်းတော်များအတွက် သပိတ်များနှင့် အလှူငွေလှူဒါန်းခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၇

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်နှင့် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ၌ သာသနာပြု တာဝန်ထမ်းဆောင်နေကြသော သာသနာပြုရဟန်းတော်များအတွက် သပိတ်များနှင့် အလှူငွေလှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် Mr. Tongariodjo Anagkasa ၏ကိုယ်စား ဦးဝင်းဖေ(မေတ္တာစင်တာ)က နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အတွက် စတီး သပိတ် ၁၀၅ လုံးကို မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းနာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်ထံ ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ၌ သာသနာပြုတာဝန်ထမ်းဆောင်နေကြသော သာသနာပြု ရဟန်းတော်များအတွက် လှူဒါန်းသော စတီးသပိတ် ၁၀၀ကို မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေကလည်းကောင်း၊ အလှူငွေကျပ် ၁၀ သိန်းကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်ကလည်းကောင်း လက်ခံကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရခိုင်ပြည်နယ်အတွင်းရှိ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် မေ ၂၅ ရက်တွင် ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းမြို့နယ်တို့မှ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့တာဝန်ခံများ၊ အဖွဲ့ခေါင်းဆောင်များအားတွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအား အလျင်မြန်ဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်နိုင်ရေး၊ ဇာတ်တိုက်လေ့ကျင့်ရေးနှင့် အုပ်ချုပ် ထောက်ပံ့ရေးဆိုင်ရာကိစ္စရပ်များနှင့် ကယ်ဆယ်ရေးပစ္စည်းများ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တွေ့ဆုံ၍ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များ၌ ဆောင်ရွက်ရမည့် သဘာဝဘေး တုံ့ပြန်ဆောင်ရွက်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများ၌ သန္တွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့်ဆောင်ရွက်ရန် စီမံထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စတုဒိသာ ကျွေးမွေးလှူဒါန်း

ပုသိမ် မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ အမှတ်(၁) ရပ်ကွက် ခရင်ချောင်းကျေးရွာ ဒေသဖွံ့ဖြိုးရေး ကိုယ့်အားကိုယ်ကိုး ပုညဝမုန မြတ်ဓမ္မာရုံဖွင့်ပွဲနှင့် စတုဒိသာကျွေးမွေး လှူဒါန်းပွဲကို မေ ၁၈ ရက်က ကျင်းပရာ ဦးဆောင်အလှူရှင် ပုသိမ်မြို့ ပန်းခြံလမ်းနေ ဦးရဲမြင့် (ငွေသောင်ယံဆားစက်) မိသားစုနှင့် ပုသိမ်မြို့ စကားဝါလမ်းနေ ဦးသောင်းဝင်း-ဒေါ်ဝိုင်းရည် မိသားစု **(အောက်ပုံ)**တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရွှေသောင်ယံမြို့နယ်ခွဲ အမှတ်(၁)ရပ်ကွက် ခရင်ချောင်းကျေးရွာ ပုညဝမုန မြတ်ဓမ္မာရုံသည် အလျား ၇၅ ပေ၊ အနံ ပေ ၃၀ရှိပြီး ကျေးရွာသူ၊ ကျေးရွာသား၊ စေတနာရှင်များ၊ ဦးရဲမြင့် (ငွေသောင်ယံဆားစက်) မိသားစုနှင့် ဦးသောင်းဝင်း-ဒေါ်ဝိုင်းရည်မိသားစုတို့၏ ပေါင်းစုလှူဒါန်းငွေသည် ကျပ်သိန်းငါးရာ ကျော်တန်ဖိုးရှိကြောင်း သိရသည်။

(၅၅၂)

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၂၇

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc နှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၄ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာကြကာ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မန္တလေးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိပြီး မန္တလေးတောင်ပေါ်မှ မန္တလေးမြို့၏ နေဝင်ဆည်းဆာနှင့် ရှုခင်းအလှတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အဆိုပါကိုယ်စားလှယ်အဖွဲ့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဇနီးတို့က ညပိုင်းတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်နှင့် အဖွဲ့သည် မေ ၂၅ ရက် နံနက်ပိုင်းတွင် ဟဲဟိုးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး စစ်ဦးစီးတက္ကသိုလ်ကို သွားရောက်လေ့လာကြသည်။ ညပိုင်းတွင် တောင်ကြီးမြို့၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးနှင့် ဇနီးတို့က ကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မေ ၂၆ ရက် နံနက်ပိုင်းတွင် အင်းလေးကန်ကို သွားရောက်ကြည့်ရှုလေ့လာပြီး ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြကာ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ လွမ်းသူ့ပန်းခြင်းချ အလေးပြုကြသည်။

ယင်းနောက် မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc နှင့် ဇနီးတို့သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် စပါးရှားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ ဆူးလေဘုရားလမ်းရှိ ဘန်ဂါလီ စွန္နီဂျာမေဗလီဝတ်ကျောင်းတော်၌ ဝတ်ပြု၍ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc နှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

လျှပ်စစ်ပစ္စည်းများ ဈေးနှုန်းလျှော့ ရောင်းချ

ရန်ကုန် မေ ၂၇

KHIND အဆင့်မြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံကို MACO Electronics တွင် မေ ၂၃ ရက်မှ မှ ဇွန် ၉ ရက်အထိ ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

မိုးရွာသည့်အချိန်တွင် စိုထိုင်းဆကိုလျှော့ချပေးနိုင်သော စနစ်သစ် Air Cooler များ၊ အသားကင်စက်၊ ဓာတ်ဘူး၊ အဖျော်စက်၊ မီးပူများ၊ ရေနွေးအိုး၊ ပန်ကာများ၊ မျှော်စင်ပန်ကာများ၊ စားပွဲတင် ဂက်(စ်)မီးဖိုများ၊ သံလိုက်မီးဖို၊ ခြင်ဖမ်းစက်များ၊ ဖုန်စုပ်စက်များကို ဈေးနှုန်းလျှော့ရောင်းချပေးနေပြီး အလုံးအရေအတွက် ကန့်သတ်ထားကြောင်း သိရသည်။**(အပေါ်ပုံ)**

ဆက်သွယ်ဝယ်ယူလိုပါက MACO Electronics (KHIND Digital World) Showroom အမှတ်-၂၀၄ မြေညီထပ် (၁၃၄×၁၃၅ လမ်းကြား) စက်ရုံလမ်း (MOB ဘဏ်ဘေး) မင်္ဂလာဈေးအနီး တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၅၁၃၀၊ ၀၁-၉၀၀ ၀၀၀၇၊ ၉၀၀၀၂၅၅နှင့် ၉၀၀၀၂၅၆ တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

❍ ကျောဖုံးမှ

တရုတ်အမျိုးသား ကမ်းလွန်ရေနံကော်ပိုရေးရှင်းသည် ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းအတွက် ဒေါ်လာ ၃၀ ဘီလီယံ အသုံးပြုသွားမည်ဖြစ်ပြီး ရေနက်ပိုင်း ကမ်းလွန်ရေနံတွင်း ၈၀၀ အထိ ဖော်ထုတ်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ရေနက်ပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ စည်သန်းပေါင်း ၅၀၀ အထိ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။

အင်တာနက်။

ဇေယျာသီရိမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး စစ်ဆေး

နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းလိုက်ပါလျက် မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့၌ တည်ဆောက်လျက်ရှိသော ခုတင်(၁၀၀)ဆေးရုံနှင့် ခုတင်(၅၀)ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု စက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)၊ မယင်းကြီးကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ၊ မစီးချောင်းရေလွှဲဆည် တည်ဆောက်နေမှုနှင့် ရေဆင်းတိုက်နယ်ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျန်းမာရေး ဆောင်ရွက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မေ ၂၁ ရက်က သမားတော်ကြီးများ အခမဲ့ ဆေးကုသရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ထူးလှိုင်တို့ လှည့်လည်ကြည့်ရှုအားပေးစဉ်။

(၅၆၉)

ဥရုချောင်းကို အလှဆင် ဖားကန့်တစ်ခွင် စိမ်းလန်းသာယာလှပစေမည်

ရှိန်းမြဆွေ

ကျောက်မျက်ရတနာဆိုသည်မှာ လှပခြင်း (Beauty)၊ တာရှည်ခံနိုင်ခြင်း (Durability)၊ ရှားပါးခြင်း (Rarity)၊ နှစ်လိုဖွယ်ရှိခြင်း (Desirable) နှင့် ပြည့်စုံမှသာ ကျောက်မျက်ရတနာဟု ဆိုကြပါသည်။ ကျောက်စိမ်းသည် ပတ္တမြား၊ နီလာ၊ စိန်တို့နှင့် တစ်တန်းတစ်စားတည်း သတ်မှတ်ထားသော ကျောက်မျက်ရတနာဖြစ်ပါသည်။ ကျောက်စိမ်းတွင် ဂျေဒိုက် (Jadeite Jade) နှင့် နက်ဖရိုက်(Nephrite Jade) ဟူ၍ နှစ်မျိုးရှိပြီး ကျောက်စိမ်းနှင့် ဆင်တူယိုးမှား အစိမ်းရောင်ရှိသော ကျောက်ရှစ်မျိုးခန့် ရှိပါသည်။ ဂျေဒိုက်(Jadeite Jade) ကျောက်စိမ်းသည် အမျိုးအစား ကောင်းမွန်သဖြင့် ရှားပါးသော တော်ဝင်အရည်ကျောက်များ ရရှိနိုင်ပြီး နက်ဖရိုက် (Nephrite Jade) ကျောက်စိမ်းမှာ အရည်အသွေး အမျိုးအစားညံ့သော ကျောက်စိမ်းဖြစ်ပါသည်။

ဖားကန့်ရတနာနယ်မြေသည် ကမ္ဘာကျော် ကျောက်စိမ်းရတနာများ ထွက်ရှိရာဒေသဖြစ်ပါသည်။ ဖားကန့်ရတနာနယ်မြေမှ ထွက်ရှိသော ကျောက်စိမ်းမှာ Jadeite Jade အမျိုးအစားဖြစ်ပြီး Jadeite Jade သည် ကမ္ဘာပေါ်၌ မြန်မာ၊ ဂျပန်၊ အမေရိကန်၊ ရုရှားနှင့် ဂွါတီမာလာ ငါးနိုင်ငံ၌သာ တွေ့ရှိရပါသည်။ ကျောက်စိမ်းရတနာသည် ပေါများစွာ တွေ့ရသော ရတနာမဟုတ်ပါ။ ဖော်ပြပါ ငါးနိုင်ငံအနက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၌သာ ရတနာတန်းဝင်သော ကျောက်စိမ်းအများအပြား တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် Jadeite Jade ကျောက်စိမ်းကို ဖားကန့်ရတနာနယ်မြေ၊ ခန္တီးရတနာနယ်မြေ၊ မော်လူးမော်ဟန်ရတနာနယ်မြေတို့တွင် တူးဖော်ရရှိပါသည်။

မြန်မာ့ကျောက်စိမ်းသည် လှပဆန်းကြယ်မှုများစွာရှိသလို ထူးခြားဆန်းကြယ်မှုလည်း အလွန်များပြားပါသည်။ မြန်မာ့ကျောက်စိမ်းကို အေဒီ ၁၃ ရာစုခန့်က တူးဖော်ထုတ်လုပ်အသုံးပြုခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း ရှည်လျားသော သမိုင်းမှတ်တမ်းရှိသည့် ရတနာဖြစ်ပါသည်။ မြန်မာ့ကျောက်စိမ်းသည် အရောင်မျိုးစုံ တွေ့ရှိရသော ရတနာဖြစ်ပါသည်။ အစိမ်းရောင်၊ ခရမ်းရောင်၊ အဖြူရောင်၊ အဝါရောင်၊ အနီရောင်၊ အနက်ရောင် စသဖြင့် အရောင်စုံသည့်အပြင် အစိမ်းနုမှအစိမ်းရင့်၊ စိမ်းဝါ၊ စိမ်းပြာ၊ ပဲစိမ်း၊ စိမ်းဝါပြာ၊ မြစိမ်းရောင် စသဖြင့် ကွဲပြားသော အစိမ်းရောင်များရှိသလို ဖြူကြည်၊ ပြာကြည်၊ ဖန်သားမှုန်သား၊ ရေခဲသား၊ ဝက်ဆီသား၊ တိမ်ခိုးသား၊ ပိန်းဥသား စသဖြင့် ကွဲပြားသကဲ့သို့ ခရမ်းရောင်တွင်လည်း ခရမ်းနီ၊ ခရမ်းပြာ၊ ခရမ်းအနုအရင့် အရောင်ကွဲများစွာ ရှိပါသည်။

မြန်မာ့ကျောက်စိမ်းသည် အရောင်စုံသလို အရည်အသွေးအရလည်း မျိုးစုံလှပါသည်။ အသုံးဝင်မှုတွင်လည်း လက်ဝတ်ရတနာ၊ အဆင်တန်ဆာ၊ ရုပ်တုရုပ်ထွင်းအသုံးအဆောင်စသည်ဖြင့် အမျိုးစုံအသုံးဝင်သော ရတနာဖြစ်ပါသည်။ တူးဖော်ရရှိသည့် အရွယ်အစားကျပြန်တော့လည်း ကွမ်းသီးလုံးခန့် အရွယ်မှ ၃၃ တန်၊ ၁၁၅ တန်၊ တန် ၃၀၀၀ စသဖြင့် အရွယ်စုံတွေ့ရှိရသည့်အပြင် အရေအတွက်၊ ပမာဏများပြားစွာ တွေ့ရှိရသော မြန်မာ့ကျောက်စိမ်း ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲတို့ကို မြန်မာ့မြေ၌ မြန်မာတို့ကြိုက်နှစ်သက်သောဈေးဖြင့် ရောင်းချနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်မှစတင်ကျင်းပခဲ့ပါသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ တော်လှန်ရေးကောင်စီအစိုးရနှင့် လမ်းစဉ်ပါတီအစိုးရလက်ထက်တွင် ရတနာပြပွဲ (၂၅)ကြိမ်၊ ၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်ထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်တွင် ရတနာပြပွဲ (၂၀)ကြိမ်၊ ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် မတ်လတွင်ကျင်းပသည့် (၄၈)ကြိမ်မြောက်ရတနာပြပွဲထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ရတနာပြပွဲ (၃၅)ကြိမ် စုစုပေါင်း ရတနာပြပွဲ (၈၀)ကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ ရတနာပြပွဲများကို အင်းယားလိတ်ဟိုတယ်တွင် ယခင်က ကျင်းပခဲ့ပြီး ထို့နောက် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ပြပွဲခန်းမ၊ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ် အောက်တိုဘာလ နှစ်လယ် ရတနာပြပွဲမှစ၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ပြောင်းရွှေ့ကျင်းပခဲ့ပါသည်။ ၂၀၁၁ ခုနှစ် မတ်လ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဒုတိယအကြိမ် ကျင်းပခဲ့ပါသည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲများသည် တစ်ပွဲထက်တစ်ပွဲ အောင်မြင်မှုများရရှိပြီး စံချိန်တင်နိုင်ခဲ့ရာ ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် ရတနာပြပွဲသည် တင်ပြသည့် အတွဲ၊ တက်ရောက်သည့် ရတနာကုန်သည်၊ ရောင်းရ ရာခိုင်နှုန်း၊ ရောင်းရငွေသည် အများဆုံး စံချိန်တင်သည့်ပြပွဲတစ်ပွဲ ဖြစ်ပါသည်။

မြန်မာ့ကျောက်စိမ်းကို ခေတ်အဆက်ဆက် တူးဖော်ထုတ်လုပ်ကြရာတွင် ရှေးဦးကာလပိုင်း၌ သံတိုင်၊ ပေါက်ပြား၊ ဂေါ်တောင်း စသည်တို့ကို အသုံးပြု၍ လူ၏လုပ်အားကို အဓိကထားကာ တူးဖော်ခဲ့ကြပါသည်။ ထို့နောက် ရေအားကိုအသုံးပြု၍ မျောတိုက်တူးဖော်သည့်စနစ်(Hand Sluicing Method)၊ ကျောက်ဖောက်စက်များအသုံးပြု တူးဖော်သည့်စနစ်(Drilling Method)၊ လူနှင့်စက်ယန္တရား ပေါင်းစပ်တူးဖော်သည့်စနစ်(Semi-Mechanize Method) သို့ အဆင့်ဆင့်တိုးတက်ပြောင်းလဲတူးဖော်ရာမှ ယခုအခါ စက်ယန္တရားကြီးများကိုသာ အဓိကအသုံးပြု တူးဖော်လုပ်ကိုင်လျက်ရှိကြပါသည်။ စက်ယန္တရားကြီးများအသုံးပြု၍ ဟင်းလင်းဖွင့်တူးဖော်ခဲ့ကြသည့်အတွက် အရောင်အသွေးစုံ၊ အလှအပစုံ၊ မြတ်နိုးနှစ်သက်ဖွယ်ရာစုံ၊ တန်ဖိုးကြီးမားသော မြန်မာ့ကျောက်စိမ်းတို့ထွက်ရှိရာ ဖားကန့်ရတနာနယ်မြေနှင့် ဥရုချောင်းတို့သည် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်လည်း အထိုက်အလျောက် ပျက်စီးယိုယွင်းမှုများ အတိုင်းအတာတစ်ခုထိ ရှိခဲ့ပါသည်။ ဖားကန့်ရတနာနယ်မြေတွင် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ကျောက်စိမ်းတူးဖော်သည့် လုပ်ငန်းရှင်များသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသလို ဥရုချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ရေကြီးမှုမှ ကာကွယ်ရေးလုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်ခဲ့ကြပါသည်။

သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များ၊ ကျောက်မျက်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်ဟု သိရှိရပါသည်။

ယခုအခါတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥရုချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆန်ခါချောင်းဆုံမှ ဟောင်ပါးကျေးရွာထိ အပိုင်းလေးပိုင်းကို ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ တိုင်းတာခဲ့သည့် ဥရုချောင်းအတွင်း အပိုင်းလိုက်အရှည်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါသည်-

(က)	ဆန်ခါချောင်းမှ ဖားကန့်မြို့အပိုင်း	၁၁.၅၀	မိုင်
(ခ)	ဖားကန့်မြို့မှ မမုံကျေးရွာအပိုင်း	၄	မိုင်
(ဂ)	မမုံကျေးရွာမှ နန့်စဘိန်းကျေးရွာအပိုင်း	၉	မိုင်
(ဃ)	နန့်စဘိန်းကျေးရွာမှ ဟောင်ပါးကျေးရွာအပိုင်း	၈	မိုင်
	စုစုပေါင်း	၃၂.၅၀	မိုင်

ဥရုချောင်းအတွင်း အနည်ထိုင်ပို့ချပြီးဖြစ်သော မြေစာများကို Excavator (Back Hoe) များဖြင့် တူးဖော်ပြီး Dump Truck များဖြင့် သယ်ယူ၍ သတ်မှတ်ပေးထားသောနေရာများတွင် စွန့်ပစ်ခြင်း၊ ချောင်းအတွင်းရှိ ကနယ်များ၊ သဲမြေများကို ယန္တရားများဖြင့် လွတ်ကင်းရာသို့ ဖယ်ရှားရန်အတွက် စက်ယန္တရား အများအပြား အသုံးပြုရမည်ဖြစ်ပြီး ကုန်ကျမည့်စက်ဆီ၊ ချောဆီပမာဏကို တွက်ချက်ပေးထားကြောင်း သိရပါသည်။ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကြီးမားသော်လည်း သတ္တုတွင်းဝန်ကြီးဌာနသည် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ကျောက်စိမ်းတူးဖော်နေသည့် ကုမ္ပဏီများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီတို့နှင့် ညှိနှိုင်းပေါင်းစပ်၍ ချက်ချင်းဆောင်ရွက်ရန် ရှိသည်များကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ ၂၀၁၁ ခုနှစ် မတ်လ မတိုင်မီက ပုံမှန်ပြုလုပ်ဆောင်ရွက်လျက်ရှိသော ဥရုချောင်း ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများကို ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့သည့်အပြင် ၂၀၁၁ ခုနှစ် ဧပြီလ ၁၅ ရက်မှ မေလ ၁၅ ရက်ထိ ကာလအတွင်း ကျောက်စိမ်းလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ စက်ယန္တရားအင်အားများ အသုံးပြုပြီး အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်-

- (က) ဥရုချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း။
- (ခ) ဥရုချောင်းသို့ စီးဝင်သည့် ချောင်းလက်တက်များ ရှင်းလင်းခြင်း။
- (ဂ) လုံးခင်းမှ ဖားကန့်တောင်ဘက်အထိ ဥရုချောင်းဝဲ/ယာတစ်လျှောက် လှေကားထစ် မြေထိန်းနံရံ ပြုလုပ်ခြင်း။
- (ဃ) မြေစာများ စနစ်တကျစွန့်ပစ်ခြင်း။
- (င) မြေထိန်းနံရံများ ပြုလုပ်ခြင်း။
- (စ) သစ်ပင်ပျိုးခြံ (Nursery) ၁၀ ခု ဆောင်ရွက်ခြင်း။

ဖားကန့်ရတနာနယ်မြေအတွင်း ဥရုချောင်းနှင့် ဥရုချောင်း၏ ချောင်းလက်တက်များ ရေစီးရေလာကောင်းမွန်ရေး၊ ကျောက်စိမ်းတူးဖော်သည့် လုပ်ကွက်များ၊ မှော်များမှ ထွက်ရှိလာသည့် မြေစာများ စနစ်တကျ စွန့်ပစ်ရေး၊ စွန့်ပစ်မြေစာများမှ သဲ၊ နုန်း၊ ကနယ်များ ချောင်းလက်တက်များမှတစ်ဆင့် ရေစီးနှင့်အတူ တိုက်ရိုက် ဥရုချောင်းအတွင်း စီးဝင်မှု နည်းပါးစေရေး၊ ဥရုချောင်းနှင့် ချောင်းဆုံနေရာများတွင် ပို့ချအနည်ထိုင်မှု မရှိစေရေးတို့ကို စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့အပြင် ဥရုချောင်းကြမ်းပြင် ပြန်လည်နှိမ့်ချ တူးဖော်ရေးလုပ်ငန်းများကို ရေရှည်စီမံချက်များ ရေးဆွဲပြီး ပွင့်လင်းရာသီရောက်သည်နှင့် စတင်ဆောင်ရွက်သွားမည်ဟု သိရပါသည်။ ရတနာနယ်မြေအတွင်းရှိ ရေဝေရေလဲဒေသများတွင်လည်း သစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၊ အပေါ်ယံမြေဆီလွှာများ ရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် တူးဖော်ပြီးသည့် မှော်များတွင် သစ်တောစိုက်ခင်းများ စိုက်ပျိုးထူထောင်သွားရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းခဲ့ပါသည်။ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ရောင်းရေးဝယ်တာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်ခဲ့သည့်အတွက် နိုင်ငံတော်က ဖားကန့်မြို့ကို ဖားကန့်မြို့နယ်အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ကျောက်စိမ်းလုပ်ငန်းရှင်များအနေဖြင့်လည်း ဖားကန့်ဒေသအတွင်း လူမှုရေး၊ ပညာရေး၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။ သတ္တုတွင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းကြီးသည် ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနှင့် ပူးပေါင်းပြီး ဖားကန့်ရတနာနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥရုချောင်းနှင့် ချောင်းလက်တက်များ ရေစီးရေလာကောင်းမွန်ရေး၊ ကျောက်စိမ်းမှော်များ စိမ်းလန်းစိုပြည်လှပရေးတို့ကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြရာ မကြာမီကာလများအတွင်း ဖားကန့်ရတနာနယ်မြေတွင် ရေအလျဉ် တသွင်သွင် စီးဆင်းနေသည့် ဥရုချောင်း၏ သဘာဝအလှအပနှင့် စိမ်းလန်းစိုပြည်နေသော ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ထားမှုများကို တွေ့မြင်ခံစားကြရတော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်နေဆဲ ဘဏ္ဍာဂါရ သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ မိခင်ကြီး ဒေါ်စန်းရီ (မဆယ်ဆိပ်ရွာ)၏ (၁၂)နှစ်ပြည့် ကောင်းမှုကုသိုလ်အဖြစ် (ကဆုန်လပြည့်နေ့)က သမီးဖြစ်သူ ဒေါ်အေးအေးစိုး(ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်)က အလှူငွေကျပ် ၁၂၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံရွှေ လက်ခံစဉ်။ (ကြေးမုံ)

ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး စီမံချက်အရ မြို့တွင်းအမှိုက်များကင်းစင်ရေးအတွက် ပညာပေးဆိုင်းဘုတ် စိုက်ထူပွဲအား ရန်ကုန်-ပြည်လမ်းဘေး ကုန်သည်လမ်းထောင့်တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အရာရှိတို့က စိုက်ထူပေးစဉ်။

(မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ကြေညာချက်

- ❖ ယာဉ်တိုက်မှုဖြစ်ပါက ရဲစခန်း၊ ယာဉ်ထိန်းရဲသို့ချက်ချင်း အကြောင်းကြားပါ။
- ❖ ကွန်ကရစ်လမ်းမကြီးများပေါ်တွင် သံဘီးတပ်ယာဉ်၊ မြင်းလှည်းယာဉ်၊ နွားလှည်းယာဉ်များ မောင်းနှင်ခြင်းမပြုရ။
- ❖ ယာဉ်ပေါ်မှ အမှိုက်ချခြင်း၊ ကွမ်းထွေးခြင်းများ မပြုလုပ်ရ။
- ❖ လက်ဝဲဘက်မှ ယာဉ်ကျော်တက်ပါ။ လက်ယာဘက်မှ ကျော်မတက်ရ။
- ❖ ညအချိန်ရပ်လျှင် ဘေးမီးငယ်ကို ဖွင့်ထားပါ။
- ❖ ယာဉ်ရပ်နားချင်လျှင် လမ်းနံဘေးတစ်ပေအကွာ ရပ်ရမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက် ပြည်သူက ယုံကြည်လေးစားသော ဝန်ထမ်းများဖြစ်အောင် နေထိုင်ကျင့်ကြံ

နေပြည်တော် မေ ၂၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး တိုင်းဦးစီးဌာနမှူးရုံးနှင့် ပဲခူးနှင့် တောင်ငူခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် နိုင်ငံတော်၏တံခါးမှူးများ ဖြစ်သည်နှင့်အညီ မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံကာ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရေးနှင့် မှန်ကန်မြန်ဆန်စွာ ပြီးစီးရေးတို့အတွက် အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်က အားကိုးအားထားပြု၍ ပြည်သူက ယုံကြည်လေးစားသော ဝန်ထမ်းများဖြစ်အောင် နေထိုင်ကျင့်ကြံ လုပ်ကိုင်ဆောင်ရွက်သွားကြရန် စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပဲခူးမြို့ ဈေးပိုင်းရပ်ကွက်ရှိ မြို့နယ်ဦးစီးဌာနမှူးရုံးနှင့် ဥသျှောင်မြို့သစ်ရှိ တိုင်းဦးစီးဌာနမှူးရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ရှိ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုစာရင်း လာရောက်လျှောက်ထား ဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်ချက်များ၊ လုပ်ငန်းအခက်အခဲများကို မေးမြန်းဆွေးနွေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ယနေ့ နံနက် ၁၀နာရီခွဲတွင် သာယာဝတီမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံးခန်းမ၌ သာယာဝတီနှင့် ပြည်ခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လှည်းကူးမြို့ရှိ မြို့နယ်ဦးစီးဌာနမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ပြုလုပ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မုံရွာမြို့၌ တွေ့ဆုံပွဲ၊ ဈေးပန္နက်တင်မင်္ဂလာ အခမ်းအနားနှင့် အစည်းအဝေးပွဲများ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာလုပ်ငန်းများ၊ ရေကြောင်းဆိုင်ရာလုပ်ငန်းများ၊ အခွန်/အခများ ကောက်ခံခြင်းဆိုင်ရာ လုပ်ငန်းများ၊ မော်တော်ယာဉ်လိုင်စင်များဆိုင်ရာ လုပ်ငန်းများ၊ မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းဆိုင်ရာများနှင့် လုပ်ငန်းလိုင်စင်ဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၂၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့၌ ကျင်းပသည့် ချင်းတွင်းရတနာဈေး နှစ်ထပ်ဈေး တည်ဆောက်ရေးလုပ်ငန်း ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ပန္နက်တိုင်ကို စိုက်ထူပေးပြီး ချင်းတွင်းရတနာဈေးရှိ ဈေးဆိုင်များ ရောင်းဝယ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် မုံရွာမြို့နယ် သမဝါယမအသင်းစု ဆီစက်၊ ပဲခွဲစက်၊ ပါဝါလွန်းရက်ကန်းစက်ရုံများ လည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်**(ဓါတ်ပုံ)**သည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးများ၊ (B.O.T) စနစ်ဖြင့် ခွင့်ပြုထားသော ကုမ္ပဏီများနှင့် လေလံစနစ်ဖြင့် ခွင့်ပြုထားသော လမ်း/တံတားဂိတ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လမ်း၊ တံတားများ ပြုပြင်ခြင်း၊ လမ်း၊ တံတားကောက်ခံနှုန်းထားများ သတ်မှတ်စံနှုန်းနှင့်အညီ ကောက်ခံရေး၊ လမ်း၊ တံတားများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ABE ဒီပလိုမာ သင်တန်းများ ဖွင့်မည်

ရန်ကုန် မေ ၂၇

လူငယ်များအတွက် နိုင်ငံတကာ Business Management Diploma သင်တန်းများကို WISE (ABE Accredited College) သင်တန်းကျောင်း၌ သင်ယူနိုင်မည်ဖြစ်ရာ Diploma ရရှိထားသော လူငယ်များအနေဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်စွာ စီမံအုပ်ချုပ်နိုင်ရုံသာမက၊ ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့အစည်းများမှ အုပ်ချုပ်သူများ၊ စီမံခန့်ခွဲမှုနှင့် ပတ်သက်သော ဝန်ထမ်းများပါ တက်ရောက်သင်ကြားမည်ဆိုပါက ကျွမ်းကျင်ပြီး အရည်အချင်းရှိ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ ကျွမ်းကျင်သော ဝန်ထမ်းကောင်းများ ဖြစ်စေပြီး အချိန်တိုအတွင်းတွင် လုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သင်တန်းများတွင် အသက်(၁၆)နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးသူတိုင်း တက်ရောက်သင်ကြားနိုင်သောDiploma သင်တန်းများ၊ တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ကြားနေသော ကျောင်းသားများနှင့် ဘွဲ့ရပြီး လုပ်ငန်းခွင်တွင်ဝင်ရောက်လုပ်ကိုင်နေသူများအတွက် Higher Diploma သင်တန်းများ၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုရာထူးများတွင် အနည်းဆုံး လုပ်သက်နှစ်နှစ် ရှိသူများအတွက် ဘွဲ့ရ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး စာမေးပွဲကို ဒီဇင်ဘာလဆန်းတွင် ABE, UK မှ ကြီးမှူး၍ တိုက်ရိုက်စစ်ဆေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ စိတ်ပါဝင်စားသူများသည်Wise International School for Executives (ABE Accredited College) အခန်းအမှတ်(၁၀၀၉) (၁၀) လွှာ ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၆၁၈၃၊ ၀၉-၅၁၅၇၀၃၂၊ ၀၉-၅၀၂၁၈၁၀ နှင့် ၀၉-၇၃၀၁၅၉၅၉ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၂၀ ၈။ တေးဂီတအစီအစဉ်
- ၈း၃၀ ၉။ International News
- ၈း၃၅ ၁၀။ အတီးပြိုင်ပွဲ
- ၈း၄၅ ၁၁။ Local Talent
- ၈း၅၀ ၁၂။ "ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၄၀ ၅။ Yan Can Cook
- ၁၂း၅၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်"(အပိုင်း-၄၅)**
- ၁း၄၀ ၇။ "အရက်နှင့် ကျန်းမာရေး" (အပိုင်း-၁)
- ၁း၅၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၀၅ ၉။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၂း၂၀ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၂း၃၅ ၁၁။ "ရှင်နှောင်းကျောင်းရောက်ပြီ"
- ၂း၄၅ ၁၂။ သက်တံရောင်သံစဉ်
- ၂း၅၅ ၁၃။ International News

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League

MNL Grand Royal Cup (2011)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (နေပြည်တော်အသင်းနှင့် ရတနာပုံအသင်း)

- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၆။ ယဉ်တစ်ကိုယ်မယ် (ခွန်းဆင့်နေခြည်)
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၁၃)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၁၇)**
- ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၉)**
- ၁၃။ ဂီတတံခါးလေးဖွင့်ပါဦး

နိုင်ငံတကာ အနုပညာရပ်ဝန်း

ကိုရီးယားမင်းသား၊ မင်းသမီး အစုံအလင်တက်ရောက်ခဲ့သည့် ပိတ်ခ်ဆန်အနုပညာဆုပေးပွဲ

မေ ၂၆ ရက်က ကျင်းပခဲ့သည့် (၄၇) ကြိမ်မြောက် ပိတ်ခ်ဆန်အနုပညာဆုပေးပွဲကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ကျောင်ဟီးတက္ကသိုလ် ငြိမ်းချမ်းရေးဌာန၌ ကျင်းပခဲ့သည်။

အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုရ တရုတ်မင်းသမီး တန်ဝေ။

၎င်းအနုပညာဆုပေးပွဲကို အစ်စ်ပလပ်စ် (IS PLUS) ကော်ပိုရေးရှင်းက အဓိကပံ့ပိုးကူညီပြီး ကိုရီးယားအနုပညာလောကတွင် ထူးချွန်သော အနုပညာရှင်၊ အတတ်ပညာရှင်များကို နှစ်စဉ် ရွေးချယ်ဆုချီးမြှင့်ပေးလေ့ရှိပြီး တောင်ကိုရီးယားနိုင်ငံ၏ အော်စကာဆုပေးပွဲအဖြစ်လည်း နာမည်ကျော်လှသိများသည်။

ယင်းအနုပညာဆုပေးပွဲသို့ ကိုရီးယားရုပ်ရှင်အနုပညာလောကမှ နာမည်ကျော်ထင်ရှားသော မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ ရုပ်ရှင်လုပ်ငန်းနှင့် ပတ်သက်ဆက်စပ်သူများ တက်ရောက်လာခဲ့ပြီး အနုပညာဆုအမျိုးမျိုးကို အသီးသီးဆွတ်ခူးရရှိသွားကြသည်။

ရုပ်ရှင်ဆု အမျိုးအစားများတွင် တစ်နှစ်တာအကောင်းဆုံး သရုပ်ဆောင်ဆုကို I Saw the Devil ဇာတ်ကားဖြင့် လီဗြောင်ဟွန်၊ အကောင်းဆုံးဇာတ်ကားဆုကို Ahjussi ဇာတ်ကား၊ အကောင်းဆုံး ဒါရိုက်တာဆုကို လီချန်ဒွန်နှင့် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို The Yellow Sea ဇာတ်ကားဖြင့် ဟာဂျန်ဝူးတို့က ရရှိသွားကြသည်။

၎င်းရုပ်ရှင်ဆုပေးပွဲ၏ ထူးခြားချက်အနေဖြင့် ကိုရီးယားပြင်ပမှ တရုတ်မင်းသမီး တန်ဝေက Late Autumn ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု ရရှိသွားခြင်းဖြစ်သည်။

အကောင်းဆုံး မျက်နှာသစ်အမျိုးသား သရုပ်ဆောင်ဆုနှင့် အကျော်ကြားဆုံး အမျိုးသားဆုကို 71:Into the Fire ဇာတ်ကားဖြင့် ချိုဆန်ဟွန်း၊ အကောင်းဆုံး မျက်နှာသစ် အမျိုးသမီးသရုပ်ဆောင်ဆုကို He's On Duty ဇာတ်ကားဖြင့် ရှင်ဟွန်းပင်၊ အကောင်းဆုံးမျက်နှာသစ် ဒါရိုက်တာဆုကို Hello Ghost ဇာတ်ကားဖြင့် ကင်ဟောင်တေခ်နှင့် ကျော်ကြားမှုအရှိဆုံး အမျိုးသမီးဆုကို ပက်ရှင်ဟိုင်တို့က ရရှိသွားသည်။

ရုပ်သံဇာတ်လမ်းတွဲ ဆုများတွင် တစ်နှစ်တာ အကောင်းဆုံးသရုပ်ဆောင်ဆုကို Secret Garden ဇာတ်လမ်းတွဲဖြင့် ဟွန်ပင်၊ အကောင်းဆုံးဒရာမာဇာတ်ကားဆုကို Secret Garden ဇာတ်လမ်းတွဲ၊ အကောင်းဆုံးမျက်နှာသစ် အမျိုးသားသရုပ်ဆောင်ဆုကို ပက်ယိုချန်၊ အကောင်းဆုံး မျက်နှာသစ် အမျိုးသမီးသရုပ်ဆောင်ဆုကို Secret Garden ဇာတ်လမ်းတွဲဖြင့် ယိုအင်နာ၊ အကောင်းဆုံးဒါရိုက်တာဆုကို Baker King, Kim Tak Goo ဇာတ်လမ်းတွဲဖြင့် လီဂျန်ဆပ်၊ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို Giant ဇာတ်လမ်းတွဲဖြင့် ဂျန်ဘိုစွက်၊ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို Dong Yi ဇာတ်လမ်းတွဲဖြင့် ဟန်ဟိုဂျိုတို့က ရရှိသွားကြသည်။

အေဝမ်းစိုး

အကောင်းဆုံး မျက်နှာသစ် သရုပ်ဆောင်ဆုရ မင်းသား ပက်ယိုချန်။

☆ ရှေ့ဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များသည် မိမိဒေသ အတွင်း ရေးရာကိစ္စအဝဝကို အနီးကပ်တွေ့မြင်နေရသည့် အစိုးရ အဖွဲ့များဖြစ်ပြီး ဒေသ၏လိုအပ်ချက် များကို မြန်မြန်ဆန်ဆန် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည့် အဖွဲ့များ ဖြစ်ကြောင်း။

ပြည်ပနှင့်ဆက်ဆံမှုများပြား

ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေ များပြားသည့် တိုင်းဒေသကြီးဖြစ် ကြောင်း၊ ပြည်ပနှင့် ဆက်ဆံမှုလည်း များပြားသည့် ဒေသကြီးဖြစ် ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်း ဒေသကြီးအစိုးရအဖွဲ့က ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

အချိန်နှင့်တစ်ပြေးညီ

ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်း စည်းဝေးတိုင်ပင်ညှိနှိုင်းပြီး ဆောင် ရွက်သင့် ဆောင်ရွက်ထိုက်သည် တို့ကို ထိထိရောက်ရောက်ဆောင်ရွက် နိုင်ကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မှုတိုင်းကို တာဝန်ယူရ မှာလည်းဖြစ်ကြောင်း၊ တိုင်းဒေသ ကြီး၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနများသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးတင်ပြရန်လည်း လို ကြောင်း။

စံနမူနာယူ

ယခုနှစ် မိုးရာသီတွင် သစ်ပင် သန်းပေါင်း ၃၀ စိုက်ပျိုးရန် နိုင်ငံ တော်က စီမံထားရာ ရန်ကုန်တိုင်း ဒေသကြီးကလည်း သတ်မှတ်ထား သည့် သစ်ပင်များကို အပြည့်အဝ စိုက်ပျိုးသွားရန်ဖြစ်ကြောင်း၊ စိုက်ပျိုး သည့်သစ်ပင်များ ရှင်သန်အောင် လည်း ဆောင်ရွက်ရန်လိုကြောင်း၊ အခြားမြို့ကြီးများက စံနမူနာယူရ သည့် သန့်ရှင်းသာယာလှပသော ရန်ကုန်မြို့ဖြစ်အောင် အားလုံး ဆက်လက်ဝိုင်းဝန်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးဝင်းထွန်းက သစ်ပင်စုစု ပေါင်း သန်း ၃၀ စိုက်ပျိုးနိုင်ရေး အတွက် သစ်တောရေးရာဝန်ကြီး ဌာနက စီမံဆောင်ရွက်ထားမှုများ ကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရန်စီစဉ်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ယခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးရေးကာလ

တွင် သစ်တောရေးရာဝန်ကြီးဌာန၏ ပျိုးပင် ၁၂ သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ပျိုးပင်သုံးသိန်း စုစုပေါင်း ပျိုးပင် ၁၅ သိန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း စိုက်ပျိုးသွားရန် စီစဉ်ထား မှုများကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံ ခြင်းအခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ဝိဇ္ဇာခန်းမ

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတ နှင့်အဖွဲ့ဝင်များသည် ရန်ကုန် တက္ကသိုလ်သို့ သွားရောက်ကြပြီး ဝိဇ္ဇာခန်းမရှိ နိုင်ငံအကျိုးပြု သုတေ သနများပြခန်း၌ ခင်းကျင်းစီစဉ်ပြသ ထားသည့် နာနိုနည်းပညာ သုတေ သနများ၊ သိပ္ပံသုတေသနများ၊ ဆေးဖက်ဝင်အပင် သုတေသနများ၊ ထုတ်ကုန်လုပ်ငန်းသုတေသနများ၊ ဘူမိဗေဒသုတေသနများကို ကြည့်ရှု စစ်ဆေးရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေနှင့် တာဝန် ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတက သိရှိ လိုသည်များကို မေးမြန်းပြီး နိုင်ငံ အကျိုးပြုသုတေသနလုပ်ငန်းများကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ Conference Room ၌ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခ ချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီး ဦးဘရွှေ က ရန်ကုန်တက္ကသိုလ်က ဘွဲ့လွန် မဟာနှင့် ပါရဂူဘွဲ့သင်တန်းဖွင့်လှစ် သင်ကြားနေမှုများနှင့် သုတေသန

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမရှိ နိုင်ငံအကျိုးပြု သုတေသနများပြခန်း၌ ကြည့်ရှု စစ်ဆေးစဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရန်ကုန်တက္ကသိုလ် Conference Room ၌ ရန်ကုန် တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

☆ တိုင်းဒေသကြီး
ဆောင်ရွက်ထိုက်
☆ အကောင်အထ
☆ တိုင်းဒေသကြီး
များသို့ အချိန်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များ သိမ်ဖြူအားကစားခန်းမ၌ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ လက်ဝှေ့နှင့် အေရိုးဗစ်အားကစားအဖွဲ့များက အားကစားနည်းအလိုက် စွမ်းရည်များ သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြစဉ်။
(သတင်းစဉ်)

တာချီလိတ်ခရိုင် တာလေဒေသ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ရှမ်းပြည်နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် မေ ၂၇

ရှမ်းပြည်နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ တာချီလိတ်ခရိုင် တာလေဒေသ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်း အနားကို မေ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ် ဝန်ကြီးချုပ် ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံ ရှမ်းပြည်နယ် ရိုးရာ ပန်းပညာရှင်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အတွင်းရေးမှူး ဦးမိုးဝင်းတို့က တာချီလိတ်ခရိုင် တာလေဒေသ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေကျပ် ၁၃၅၀၀၀၀ ပေးအပ်လှူဒါန်းသည်။

အဆိုပါ တာချီလိတ်ခရိုင် တာလေဒေသ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လှူဒါန်းငွေများမှာ ရှမ်းပြည်နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးက ကြီးမှူး၍မေ ၁၀ ရက်မှ ၁၄ ရက်အထိ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည့် HELP ART SHOW ဓာတ်ပုံ၊ ပန်းချီပြသပွဲ၌ ဓာတ်ပုံ၊ ပန်းချီများ ပြသရောင်းချခဲ့ရာမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ တွဲဖက် အတွင်းရေးမှူး(၁) ဦးမျိုးသူရအေးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးသောင်းဝင်း တို့အား အမေရိကန်နိုင်ငံ စိုက်ပျိုးရေး ဌာနမှ ဆန်စပါးစီးပွားရေးပညာရှင် Mrs.Debbie Rubas နှင့် စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင် ဒေါက်တာဦးထွန်းဝင်း တို့သည် မေ ၂၅ ရက် နံနက် ၁၀ နာရီ တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းသို့ လာရောက် တွေ့ဆုံကြသည်။

တွေ့ဆုံဆွေးနွေး

အလားတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr.Yaron Mayer ဦးဆောင်၍ အစ္စရေးနိုင်ငံ Ramat Negev Desert Agroresearch Center မှ Director, Mr. Zion Shemer နှင့် Rescarch & Development Manager, Mr. Yaacov Moskovitch တို့ ပါဝင်သော ကိုယ်စား လှယ်အဖွဲ့သည်လည်း ညနေ ၃ နာရီ တွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အသင်းသို့ လာရောက်တွေ့ဆုံဆွေးနွေး ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၂၈-၅-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော်
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့
၈း၄၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	ရင်ခုန်စီးဆင်းအနုပညာသတင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ်
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀	မွန်းလွဲပိုင်းသတင်း တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက်
၄း၁၀	ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	လေလှိုင်းကြားကပွဲတင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၇း၁၀	တေးပဒေသာ
၇း၁၅	ရေဒီယိုအတိတ်တေးအရိပ်
၇း၃၀	သုတအဖြာဖြာတိုင်းရင်းဆေးပညာ တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၈း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၈း၃၀	သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀	Radio Internet
၉း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ဧရာဝတီတိုင်းဒေသ
လုပ်ငန်းညှိနှိုင်းအစည်းအ

နေပြည်တော်

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်
နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပုသိမ်မြို့
ဆိုင်ရာများ၊ စက်ရုံ/အလုပ်ရုံများ၊ တည်
လုပ်ငန်းညှိနှိုင်းအစည်းအဝေးအခမ်းအ
အမှာစကားပြောကြားပြီး ယနေ့နံနက်ပိုင်း
အဝေးဒုတိယနေ့၌ ဌာနဆိုင်ရာများ၏ တင်
မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

ဇီဝမျိုးစုံ မျိုးကွဲ
သဘာဝတောတွေ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမရှိ နိုင်ငံအကျိုးပြု သုတေသနများပြခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်တက္ကသိုလ် Conference Room ၌ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

အောင်မြင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ Conference Room ၌ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီး ဦးဘရွှေက ရန်ကုန်တက္ကသိုလ်က ဘွဲ့လွန်၊ မဟာနှင့် ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သင်ကြားနေမှုများနှင့် သုတေသနလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

သာယာလှပရေး

ထို့နောက် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက ရန်ကုန်တက္ကသိုလ်၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စများ၊ သုတေသနဆောင်ရွက်ချက်များနှင့် ရလဒ်များ၊ ရန်ကုန်တက္ကသိုလ်ရှိ အဆောင်များနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ချက်များ၊ တက္ကသိုလ်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အားရဖွယ်ဖြစ်

ယင်းနောက် ဒုတိယသမ္မတက သုတေသနပြခန်းများနှင့် သုတေသန ဆောင်ရွက်ချက်များကို လေ့လာသိရှိရသည်မှာ အားရဖွယ်ဖြစ်ပါကြောင်း၊ ရေတိုရေရှည် သုတေသနလုပ်ငန်းများအနက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မြန်ဆန်စွာ အကျိုးပြုမည့် ရေတိုသုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားသင့်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းပြည့်ဝသည့် ပညာရှင်များ လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ပညာရေးကဏ္ဍမြှင့်တင်ရေးကို အထောက်အကူပြုနိုင်မည့် ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရန် ဖြစ်ကြောင်း၊ ပညာရှင်များရှိမှ လက်မှုနိုင်ငံမှ စက်မှုနိုင်ငံသို့ ပြောင်းလဲနိုင်မှာဖြစ်ကြောင်း မှာကြားသည်။

သိပ္ပံသုတေသန

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက္ကသိုလ်များ သိပ္ပံသုတေသနဌာနသို့ သွားရောက်ပြီး Electron Microscopy Lab နှင့် Atomic Absorptim Spectro Scopy တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် သယ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)သို့ သွားရောက်ရာ သီးသန့်ဧည့်ခန်းဆောင်၌ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပရိသတ် ၂၀၀၀၀ ဆံ့သည့် လူငယ်အားကစား လေ့ကျင့်ရေးစခန်းဘောလုံးကွင်း၏ လက်ရှိအနေအထား ထပ်မံ၍ ပရိသတ် ၁၅၀၀၀ ပိုမိုဆံ့ရန် တိုးချဲ့ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အားကစားကွင်းတိုးချဲ့ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ မြန်မာ့ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပံ့ပိုးသည့် Gold Project များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာ့အားကစား မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ အားကစားနှင့်ပညာရေး ပေါင်းစပ်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ပရိသတ်များအန္တရာယ်ကင်းရှင်းစွာ ကြည့်ရှုအားပေးနိုင်သည့် ဘောလုံးကွင်းဖြစ်ရေးဆောက်လုပ်သွားရန် မှာကြားသည်။

လှည့်လည်စစ်ဆေး

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၏ ကွင်းအနေအထားများကို လည်းကောင်း၊ အရှေ့ဘက်တန်းပွဲကြည့်စင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် သိမ်ဖြူအားကစားခန်းမသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ်က သိမ်ဖြူအားကစားခန်းမ တည်ဆောက်ထားရှိမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အားကစားအဖွဲ့များက သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ လက်ဝှေ့နှင့် အေရိုးဗစ် အားကစားအဖွဲ့များက ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား အားကစားနည်းအလိုက် စွမ်းရည်များကို သရုပ်ပြသကြသည်။ (သတင်းစဉ်)

☆ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်း စည်းဝေးတိုင်ပင်ညှိနှိုင်းပြီး ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်တို့ကို ထိထိရောက်ရောက် ဆောင်ရွက်။

☆ အကောင်အထည်ဖော် ဆောင်ရွက်မှုတိုင်းကို တာဝန်ယူရမှာလည်းဖြစ်။

☆ တိုင်းဒေသကြီး၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးတင်ပြ။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် မေ ၂၇

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၆ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ စက်ရုံ/အလုပ်ရုံများ၊ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအခမ်းအနား(ပထမနေ့)သို့ တက်ရောက်အမှာစကားပြောကြားပြီး ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသည့် အစည်းအဝေးဒုတိယနေ့၌ ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "သောကကင်းဝေးနေနိုင်ရေး" တရားတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၇)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၅)**
၈း၅၀ ၂၀၁၁ ခုနှစ် မြန်မာ-တရုတ် နယ်စပ်ကုန်စည်ပြပွဲ(မူဆယ်)
၉း၁၀ Welcome to KABAR AYE SONY SHOWROOM
၉း၂၅ ရွှေဈေးကွက်နှင့် ဈေးဝယ်လမ်းညွှန်
၉း၄၅ Global Panorama
၁၀း၁၅ နေသားတကျအရေပြားအလှ "ဝက်ခြံနှင့်အရေးအကြောင်း ကင်းတဲ့ချစ်စရာ့မျက်နှာ"
၁၀း၂၅ ပန်းချီပြခန်း
၁၀း၄၀ သွားမယ်စားမယ်
၁၁း၀၅ MNL Preview
၁၁း၃၀ ဟိုတယ်လမ်းညွှန်
၁၂း၁၀ အမျိုးသမီးများအတွက် Queen Rose Centre
၁၂း၃၀ ကွတ်ခိုင်မြို့မှ ဓာတ်တော်ရှင်ကျိုက်ထီးရိုးစေတီတော် ထီးတော်တင်မင်္ဂလာ၊ ရှင်ပြုမင်္ဂလာနှင့် ဆီမီး ၉၀၀၀ ပူဇော်ပွဲ
၁း၀၀ "သောကကင်းဝေးနေနိုင်ရေး" တရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ VJ Choice
၃း၀၀ ၁၉၆၉ ခုနှစ် မြန်မာစာ ကျောင်းသား၊ သူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၃း၃၀ Goals of the week
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၅)**
၅း၀၀ ပဲခူး ဆယ်မိုင်ကုန်းဓမ္မဒူတ ဆရာတော်စီစဉ်ထုတ်ဝေသော ဓမ္မဒူတဘာသာရေးမဂ္ဂဇင်း မိတ်ဆက်ပွဲ
၅း၂၅ ဂဏန်းသင်္ချာပျော်စရာ
၆း၀၀ MRTV-4 သတင်း
၆း၂၀ Movie Talk
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၈)**
၇း၃၅ ဖက်ရှင်လမ်းညွှန်
၈း၀၀ MRTV-4 သတင်း
၈း၃၀ Kid's Show
၉း၀၀ "ကြယ်စင်အလင်းဝေဖြာ နေပြည်တော်စိုးစံမှာ. . ."
၉း၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၇၆)**
၁၀း၁၅ ချန်ပီယံလိဂ်ရင်ခုန်သံ
၁၀း၄၅ ပျော်ရွှင်ဆင်နွှဲ ပုဂံမြေမှ အာမိုရဲ့အောင်ပွဲ
၁၁း၁၀ နုယဉ်ဆန်းထွင်ပန်းအလှဆင်
၁၁း၂၅ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး "GPS"
၁၁း၄၅ World of Knowledge
၁၂း၃၀ ကြက်သွန်စိုက်ပျိုးဖြစ်ထွန်း အောင်မြင် ဆိပ်ဖြူမြို့တစ်ခွင်
၁၂း၄၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲ့များ
၁း၁၅ ကြည်လင်သောရေ၏လျှို့ဝှက်ချက်
၁း၃၀ စွဲမက်ဖွယ်ရာ ရတနာ
၁း၅၅ တော်ဝင်အလှတို့ ဖန်တီးဖြစ်တည်ရာ. . .
၂း၀၅ သူတို့ပြောတဲ့သူတို့အကြောင်း
၂း၃၀ စနစ်တကျစိုက်ပျိုးသစ်ခွအမျိုးမျိုး
၂း၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၄း၁၅ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ခြင်းပွဲ
၄း၄၀ သာသနာတော်ထွန်းကား အလှုတရားဖြာဝေ ထားဝယ်မြေ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာရေးနည်း လမ်းညွှန်သင်တန်း အမှတ်စဉ်(၂/၂၀၁၁)ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးဆရာအလှူ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် စာရေးနည်း လမ်းညွှန်သင်တန်း အမှတ်စဉ်(၂/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လက်ရှိ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ သင်တန်းမှူး ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)က သင်တန်းနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်း ပြောကြားကြသည်။

ယင်းနောက် တောင်ကိုးလုံးကုမ္ပဏီမှ ဦးခင်မောင်သက်နှင့် ဒေါ်တင်တင်မြ မိသားစုက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် ငွေကျပ် ၁၀ သိန်းနှင့် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲအတွက် ငွေကျပ်ငါးသိန်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)နှင့် ဒေါ်သိန်းဆိုင်(မမြတ်လေး) မိသားစုက စာရေးဆရာအလှူ လုပ်ငန်းကော်မတီ အတွက် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)နှင့် ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ)တို့က လက်ခံကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)ထံ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် ငွေကျပ် ၁၀ သိန်းနှင့် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲအတွက် ငွေကျပ်ငါးသိန်းတို့ကို တောင်ကိုးလုံး ကုမ္ပဏီမှ ဦးခင်မောင်သက်နှင့် ဒေါ်တင်တင်မြ မိသားစုက ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကုန်သည်/စက်မှု အသင်းချုပ်နှင့် ပြည်ပညွှေ့အဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးသောင်းတင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်တို့အား Mr. Christian J.Hegemer, Director of Hanns Seidel Foundation & Germany Institute for International Cooperation, Vietnam နှင့် မြန်မာနိုင်ငံကိုယ်စားလှယ် Mr.Axel Neubert တို့သည် မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ကုန်သည်/စက်မှုအသင်းချုပ်နှင့် Hanns Seidel Foundation တို့အကြား ဆက်သွယ်မှုများ ပြန်လည်တည်ဆောက်ရန်ကိစ္စ၊ Hanns Seidel Foundation အနေဖြင့် အာဆီယံနိုင်ငံများအတွင်း လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများတွင် ပံ့ပိုးနေသည့်ကိစ္စ၊ ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ၊ လုပ်ငန်းခွင် လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စ၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လူငယ်များအတွက် သင်တန်းများ ပူးပေါင်းဖွင့်လှစ်နိုင်ရေး ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် ပေါက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ကျောက်ထုမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၆၁ လက်မနှင့် စစ်တွေမြို့တွင် ၁ ဒသမ ၅၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန်လပထမသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာအားကစားမောင်မယ်များ အားကစားနည်း(၂၆)မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၂၇

အင်ဒိုနီးရှားသမ္မတနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၁၁ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အားကစားနည်း ၅၆ မျိုးအနက် ၂၆ မျိုးတွင် မြန်မာအားကစားမောင်မယ်များ ပါဝင်ဆင်နွှဲကြရန် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များက ကြိုတင်ပြင်ဆင်လျက်ရှိသည်။

အဆိုပါ အားကစားနည်း ၂၆ မျိုးမှာ ရေကူး၊ မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်၊ စနူကာ၊ လက်ဝှေ့၊ ကနူးလှေ၊ စစ်တုရင်၊ စက်ဘီး၊ အမျိုးသားဘောလုံး၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ အနောက်တိုင်းလှေလှော်၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာလှေ၊ အမျိုးသားဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ ကြက်တောင်နှင့် ဘတ်စကက်ဘောတို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥရောပအကောင်းဆုံးအသင်း ရွေးချယ်ပွဲ(သို့မဟုတ်) ဘာစီလိုနာနှင့် မန်ယူတို့၏ ဝင်ဘလေတွင် ရင်ခုန်ကြရတော့မည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ

ဘာစီလိုနာ-မန်ယူ

၂၉-၅-၂၀၁၁(တနင်္ဂနွေနေ့)

နံနက် ၁း၁၅ နာရီ(ဝင်ဘလေကွင်း)

၂၀၁၀-၂၀၁၁ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲသည် ဥရောပထိပ်တန်းကလပ်များ၏ (၅၆)ကြိမ်မြောက် ချန်ပီယံသရဖူလုပြိုင်ပွဲကြီးဖြစ်ပြီး (၁၉)ကြိမ်မြောက် ချန်ပီယံလိဂ်ပြိုင်ပွဲလည်းဖြစ်သည်။ ယခုယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲသည် လာလီဂါချန်ပီယံ ဘာစီလိုနာနှင့် ပရီမီယာလိဂ်ချန်ပီယံမန်ယူတို့၏ ဥရောပအကောင်းဆုံးအသင်း ရွေးချယ်ပွဲကြီးဖြစ်ခြင်းကြောင့် ဝင်ဘလေကွင်း၏ ရင်ခုန်သံစည်းချက်က မြန်နေဦးမည် ဖြစ်သည်။

မြင်တွေ့ရမည်

စနေည(တနင်္ဂနွေနေ့နံနက်ပိုင်း)တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည့်အသင်းများမှာ ကစားကွက်ဖော်ဆောင်ပြီး အလိမ်အခေါက်အလှည့်အပတ်များဖြင့် တစ်ဖက်နောက်တန်းကို ထိုးဖောက်ကာ ဘောလုံးရသ အပြည့်အဝပေးနိုင်စွမ်းရှိသည့် ဘာစီလိုနာနှင့် ပရိသတ်အားပေးမှု အများဆုံးဖြစ်သည့် မန်ယူတို့ဖြစ်နေခြင်းကြောင့် ပရိသတ်ကျေနပ်သည့်ကစားကွက်၊ ကစားဟန်များကို မြင်တွေ့ရဦးမည်ဖြစ်သည်။

ဤနှစ်သင်း ၂၀၀၉ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ဖူးရာ ယင်းပွဲတွင် ဘာစီလိုနာက မန်ယူကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ယခုအကြိမ်ဆုံတွေ့ဆုံမှုတွင် မန်ယူက ၂၀၀၉ ရှုံးကြွေးကို ပြန်ဆပ်နိုင်ရေး ကြိုးစားလာမည်ဖြစ်သကဲ့သို့ ဘာစီလိုနာကလည်း မန်ယူအပေါ် ဆက်လက်အသာရရေး ကြိုးပမ်းလာမည် ဖြစ်သည်။

လက်ရှိဤနှစ်သင်း၏ ကစားသမားအင်အားကိုကြည့်လျှင် ဘာစီလိုနာက ဒဏ်ရာပြဿနာ ကင်းနေသကဲ့သို့ ပွဲပယ်ခံထားရသည့် ကစားသမားလည်း မရှိပေ။ ထို့ကြောင့် ဘာစီလိုနာအသင်းသည် ယခုပွဲတွင် ရှေ့တန်း၌ မက်ဆီ၊ ပက်ဒရိုနှင့် ဒေးဗစ်ဗီလာတို့ကို အသုံးပြုမည်ဖြစ်ပြီး ကွင်းလယ်တွင် ဇာဗီ၊ အင်နီယေစတာ၊ ဘတ်ကွက်စ်၊ မာရှေယာနိုတို့ဖြင့် လူစုံလာမည်ဖြစ်သည်။ အဆိုပါ ဘာစီလိုနာကစားသမားများသည် မန်ယူကစားသမားများဖြစ်သည့် ဝိန်းရွန်နေး၊ ဟာနန်ဒက်ဇ်၊ နာနီ၊ ဗလင်စီယာ၊ ပက်ဂျီဆန်နှင့် မိုက်ကယ်ကာရစ်တို့ထက် ခြေစွမ်းသာလွန်မည်ထင်သည်။ မန်ယူအသင်းအနေဖြင့် ဘာစီလိုနာထက် အားသာမည်က နောက်တန်းနှင့် ဂိုးသမားပင်ဖြစ်မည်ထင်သည်။

ပွဲချိန်ပြည့်ခံရဖွယ်ရှိ

ဘာစီလိုနာအသင်းသည် ၎င်းတို့၏ မူအတိုင်း ဒေးဗစ်ဗီလာနှင့် ပက်ဒရိုတို့ကို တောင်ပံထုတ်ပြီး တစ်ဖက်နောက်တန်းကို အဓိကထိုးဖောက်လာမည်ဖြစ်သည်။ ထိုသို့ ထိုးဖောက်ရာတွင် မန်ယူအသင်း၏ ဘယ်နောက်ခံလူ အီဗရာက ပက်ဒရိုကို ထိန်းချုပ်နိုင်ဖွယ်ရှိနေသော်လည်း ညာနောက်ခံလူ ရာဖေးလ်(သို့) ဖေဘီယိုမှာ ဒေးဗစ်ဗီလာကို ထိန်းချုပ်ဟန့်တားနိုင်စွမ်းရှိမည် မထင်ပေ။ ထို့ကြောင့် မန်ယူအသင်း၏ ညာခြမ်းအားနည်းနေမှုကို ဖာဒီနန်က လိုက်ထိန်းပေးနေရမည်ဆိုလျှင် ဘာစီလိုနာ၏ အဓိက တိုက်စစ်မှူး မက်ဆီ၏အကြိုက် ဖြစ်သွားမည်ဖြစ်သည်။ ထိုအခြေအနေကို မန်ယူနည်းပြ ဖာဂူဆန် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်နိုင်သည်။ သို့သော် မန်ယူအသင်းအနေဖြင့် မည်သို့ပင် ပြင်ဆင်လာစေကာမူ ဘာစီလိုနာအသင်း၏ တရစပ်ဖိအားပေး တိုက်စစ်ဆင်ခြင်းကို ပွဲချိန်ပြည့်ခံရဖွယ်ရှိနေသည်။

မန်ယူ တိုက်စစ်ကို ဦးဆောင်လာမည့် ဝိန်းရွန်နေး။

စိတ်ကြိုက်ခြယ်လှယ်နိုင်

မန်ယူအသင်းအနေဖြင့် ဘာစီလိုနာကို ကွင်းလယ်ကစားကွက်ပိုင်း ယှဉ်နိုင်မည်မဟုတ်သော်လည်း ဖြတ်တင်ဘောများ၊ နာနီ၊ ဝိန်းရွန်နေးနှင့် ဟာနန်ဒက်ဇ်တို့၏ လျင်မြန်မှုများဖြင့် ဂိုးရနိုင်ခြေရှိသည်။ ဖာဂူဆန်အနေဖြင့် ခံစစ်အသွင် မကစားဘဲ ခပ်ကြမ်းကြမ်း၊ ခပ်မာမာတုံ့ပြန်ပြီး သူတင်ကိုယ်တင် တိုက်စစ်ဖွင့်ကစားမည်ဆိုက ဘာစီလိုနာအတွက် အနည်းငယ် အခက်တွေ့စေမည်ဖြစ်သည်။ ထို့ပြင် ပွဲအစ မိနစ် ၂၀ အတွင်း ဘာစီလိုနာ ဘက်သို့ ဂိုးရအောင်သွင်းနိုင်မည်ဆိုပါက မန်ယူရလဒ် ကောင်းသွားနိုင်သည်။ ထိုသို့မဟုတ်ပါက ဝင်ဘလေကွင်းတွင်

ဘာစီလိုနာအသင်း၏ မရှိမဖြစ်ကစားသမား မက်ဆီ။

ဘာစီလိုနာ စိတ်ကြိုက်ခြယ်လှယ်သွားနိုင်သည်။

နှစ်သင်းလုံးက ချန်ပီယံလိဂ်ဖလားသုံးကြိမ်စီ ရရှိထားခြင်းကြောင့် လေးကြိမ်မြောက်ကိုင်မြောက်နိုင်အောင် ခြေကုန်ထုတ်ကြိုးပမ်းလာမည်ဖြစ်သည်။ ဘာစီလိုနာအသင်းနည်းပြ ဂွါဒီယိုလာသည် ၁၉၉၂ ခုနှစ်က ဘာစီလိုနာအသင်း၏ ကစားသမားဘဝနှင့် ဝင်ဘလေကွင်းတွင် ဥရောပချန်ပီယံလိဂ် ဆုဖလားရယူနိုင်ခဲ့သူဖြစ်သည်။ ယခုတွင်မူ နည်းပြဘဝဖြင့် ဝင်ဘလေကွင်းတွင် ချန်ပီယံလိဂ်သရဖူကို ထပ်မံဆွတ်ခူးရန် ဆန္ဒပြင်းပြလျက်ရှိနေသည်။ သို့သော် မန်ယူကစားသမားများ၏ အနိုင်ယူလိုစိတ်ပြင်းပြနေမှုနှင့် ဘာစီလိုနာအသင်းအနေဖြင့် အင်္ဂလန်အသင်းများနှင့်ဆုံတွေ့တိုင်း ရလဒ်မကောင်းတတ်သည်ကိုဖြင့် ထည့်တွက်ရမည်ဖြစ်သည်။

ဘာစီလိုနာနှင့်မန်ယူတို့၏ ယခု ဗိုလ်လုပွဲအပေါ် အာရှဘောလုံးကျွမ်းကျင်သူများက ပရိသတ်အားသာမှုရှိသည့် မန်ယူက အလေးသာနိုင်သည်ဟု ခန့်မှန်းနေကြသော်လည်း ဥရောပဘောလုံးကျွမ်းကျင်သူများကမူ ဘာစီလိုနာကိုသာ အလေးပေးဖော်ပြထားကြသည်။မည်သို့ပင်ဆိုစေ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ နောက်ဆုံးပိတ်ပွဲဖြစ်သည့် အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်းကြီးတွင် ကျင်းပမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲကို တစ်ကမ္ဘာလုံးရှိ ဘောလုံးဝါသနာရှင်ပရိသတ်များ အတွေးကိုယ်စီ၊ မျှော်လင့်ချက်ကိုယ်စီဖြင့် ရင်ခုန်ခံစား စောင့်ကြည့်ကြရပေဦးတော့မည် ဖြစ်ပါကြောင်း။

ဟန်သစ်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မေ ၂၇

ဦးစိန်ဝင်း(မြန်မာ့သစ်လုပ်ငန်း)သည် ကစားဖော်များဖြစ်ကြသော ဦးဝင်းဘို(မန္တလေး)၊ ဦးငွေတိုး (မြန်မာ့သစ်လုပ်ငန်း)၊ ဦးသိန်းဝင်း(မြန်မာ့သစ်လုပ်ငန်း)တို့နှင့်အတူ မေ ၂၄ ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist No(2)ဘောလုံးကို Maruman Iron No(6) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၅ ကိုက်အကွာရှိ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။

(ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း ပဲခူးမြို့ မိုးယွန်းကြီးအင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဥပမိရုပ်မကောင်းသောကျောင်းများကို တည်ဆောက်ပြုပြင်လျက်ရှိ ရေရှည်တည်တံ့ခိုင်မြဲရန် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်

ရန်ကုန် မေ ၂၇

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း ပညာရည်တိုးတက် မြင့်မားစေရန် အခြေခံကျောင်းများကို အဆင့်တိုးမြှင့်ပေးနေသည့်နည်းတူ ဥပမိရုပ်မကောင်းသော ကျောင်းများကိုလည်း နိုင်ငံတော်နှင့်ပြည်သူများ လက်တွဲ၍ တည်ဆောက်ပြုပြင်ပေးလျက်ရှိကြောင်း၊ မိမိကျောင်းအား ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆရာ၊ မိဘ၊ ကျောင်းသားများက ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်းဖြင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် မေ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းကုန်းစံပြကျေးရွာရှိ အထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့်ဖွင့်ပွဲ၊ ဖြူးမြို့ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အဆင့်တိုးမြှင့်ဖွင့်ပွဲနှင့် ဒိုက်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အဆင့်တိုးမြှင့်ဖွင့်ပွဲတို့သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မိုးယွန်းကြီးအင်းသို့ရောက်ရှိပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီကွန်ဒို၊ တိုက်(B)နေ
ဦးညွန့်လှိုင်(Geoscientist Schlomberger Information Solotion)-(ဒေါ်မိမိချို)တို့၏သားကြီး

မောင်ထွန်းယုလှိုင် B.Sc(Physics)
CD-26 (CE-24),M.O.T First Class Part(A)
First Engineer (Kantoh Kaiun Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းနေ
ဦးတင်ထွန်း Chief Officer (Noah Marine Co.,Ltd.) -ဒေါ်ဝင်းဝင်းရီ [S.A.T(ငြိမ်း) အထက(၃)ဒဂုံ]တို့၏ တစ်ဦးတည်းသောသမီး

မမေသွယ်ထွန်း B.Pharm
LCCI(UK),Dip in Software Engineering

တို့၏ ၁၂-၅-၂၀၁၁ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နော်သန်းသန်းအေး၊ ၁၄-၅-၂၀၁၁ ရက်တွင် ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၇-၅-၂၀၁၁ ရက်တွင် ChatriumHotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညည့်ခံပွဲ အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပြီး မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဒုတိယဗိုလ်မှူးကြီးကျော်ဇင်သက်(ငြိမ်း)နှင့်ဇနီး ဒေါ်ဥမ္မာကြိုင်၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ပါရမီကွန်ဒိုတိုက်(B)မှ မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့်အဖွဲ့၊မင်္ဂလာအခြံအရံများဖြစ်သည့် 3rd Engineerကိုစိုးဝေလင်း၊ Model မယဉ်သူထိုက်၊ မင်္ဂလာပန်းကြဲပေးသော မခင်မွန်သိမ့်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မမေမိုးဦး၊ မင်္ဂလာဝတ်စုံများ၊ ရတနာပစ္စည်းနှင့် ပန်းအလှဆင်မြန်းပေးသော သီတဂူအဖွဲ့၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော ညီညီမောင်(စမ်းချောင်း)နှင့် အဖွဲ့၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော FOREVER အဖွဲ့၊အခမ်းအနားပြင်ဆင်၊ ညည့်ခံကျွေးမွေးပေးပါသော Chatrium Hotel ဝန်ထမ်းများနှင့် မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ထွန်းယုလှိုင်-မမေသွယ်ထွန်း

ပညာဂုဏ်ရောင် အလင်းဆောင်

ပညာဂုဏ်ရောင် အလင်းဆောင်

နတ်ချောင်းအထကတွင် စာပေဟောပြော စာကြည့်တိုက်သို့ စာအုပ်လှူဒါန်း

နတ်ချောင်း မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် နတ်ချောင်းစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ စာပေ ဟောပြောပွဲနှင့် စာအုပ်ဗီရို၊ စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ကလေးမြို့ဒေသခံ စာရေး ဆရာများဖြစ်ကြသော စာရေးဆရာ ကလေးဝင်းသူ၊ သမုတိသစ္စာ၊ ဂျာနယ်သတင်းထောက် အောင်သူထွန်း (ကလေးမြို့)တို့က စာပေရေးရာများကို ဟောပြောကြသည်။

ထို့နောက် စာရေးဆရာ ကလေးဝင်းသူက ကျပ်တစ်သိန်းခွဲတန် စာအုပ်ဗီရိုနှင့် ငွေကျပ်၂၅၀၀၀တန်ဖိုးရှိ မဂ္ဂဇင်းနှင့်စာအုပ်၊ စာစောင်များ၊ စာရေးဆရာ သမုတိသစ္စာက ငွေကျပ် ၄၇၅၀၀ တန်ဖိုးရှိ ဂျာနယ်များ၊ သတင်းထောက်အောင်သူထွန်း (ကလေးမြို့)က ငွေကျပ် ၁၆၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်း၊ ဂျာနယ်များ၊ ဆရာဦးအေးကြူက ငွေကျပ် ၈၀၀၀ တန်ဖိုးရှိ အတွေးအမြင်နှင့် သုတစာအုပ်များ၊ ကလေးမြို့ ဦးသန်းဆွေ (မြဝတီစံ စာပေ)က ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်း၊ ဂျာနယ်များ၊ ကလေးမြို့ ဦးသိန်းဝင်း(လက်ရွေးစင်စာပေ)က ငွေကျပ် ၂၃၅၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းနှင့် ဂျာနယ်များ၊ ကလေးမြို့ ဦးမြင့်ဆွေ(မြင့်စာပေ)က ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ ဂျာနယ်နှင့် မဂ္ဂဇင်းများ၊ ကလေးမြို့ တိုက်ဂါးဖိနပ်ဆိုင် ဦးကျော်ကျော်ဌေးက ငွေကျပ် ၃၅၀၀၀ တန်ဖိုးရှိ ဂျာနယ်နှင့် မဂ္ဂဇင်းများ၊ ကလေးမြို့ မဥမ္မာလွင်(ရွှေဦးမာန်စာပေ)က ငွေကျပ် ၂၂၅၀၀ တန်ဖိုးရှိ မဂ္ဂဇင်းများကို နတ်ချောင်း အထကခွဲစာကြည့်တိုက်သို့ လှူဒါန်းကြရာ **(အပေါ်ပုံ)** စာကြည့်တိုက် တာဝန်ခံများက လက်ခံရယူကြသည်။

အခြားအလှူရှင်များက ကျောင်းစာကြည့်တိုက်သို့ လှူဒါန်းကြသော စာအုပ်တန်ဖိုးစုစုပေါင်းမှာ ငွေကျပ် ငါးသိန်းကျော်ဖြစ်ကြောင်း သိရသည်။

(ကလေး-ဝင်းသူ)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

မေ၂၀ ရက်က ကျောင်းကုန်းမြို့နယ် ရေခလုတ် ကျေးရွာအုပ်စု မိုးပြာအနောက်ကျေးရွာ ဘိုးရာဇာစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နှစ်ဖက်သောမိဘများအား အမှူးထား၍ ရန်ကင်းမြို့နယ် ရွှေအုန်းပင်အိမ်ရာနေ ဦးလှမြင့်-ဒေါ်ချိုချို မိသားစုက ဒေါ်ချိုချို မွေးနေ့ အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံ ဒုတိယအုပ်ချုပ်ရေးမှူး ဦးသိန်းစိုး လက်ခံယူစဉ်။

(ကြေးမုံ)

လက်ထပ်ပြီးစီးခြင်း

သာယာဝတီမြို့၊ ဆရာစံကွက်သစ်၊ အောင်သုခလမ်းနေ
(ဦးဝင်းမောင်)-ဒေါ်မြင့်ရီတို့၏သား

မောင်ဇေယျာအေး
B.E (IE) Electrician

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဆန်းသစ်ဦးလမ်းနေ
(ဦးခင်မောင်ဇော်)-ဒေါ်တင်တင်ကြည်တို့၏ သမီး

မစုလှိုင်ဇော်
BE(EC)
(လ/ထ ကထိက၊ တောင်ငူနည်းပညာတက္ကသိုလ်)

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူခွင့်ပြုချက်အရ အင်းစိန်မြို့နယ်၊ စည်ပင်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျာအေး-မစုလှိုင်ဇော်



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

Union Civil Service Board

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

Union Civil Service Board

[illegible]

ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ် အထက(၂) နဝမတန်း(H)မှ မမြတ်နိုးခင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း [၉/ပဘန(နိုင်)၀၀၄၈၆၅] ဖြစ်ပါကြောင်း။ **ဦးအောင်ဝင်း**

အောင်စကြာမိုးကုတ်ရိပ်သာ ဝါဆိုသံဃာလက်ခံမည်

အနည်းဆုံး ပထမလတ်တန်းအောင်၍ (၁၀)ဝါနှင့်အထက် သံဃာတော်များသည် သာကေတ အောင်စကြာ မိုးကုတ်ရိပ်သာ၌ ဝါဆိုနိုင်ရန် နယုန်လဆန်း ၃ ရက်တွင် တရားစခန်း(၆)ကြိမ်အတွက် ဆွမ်းစရိတ်ပေးသွင်း၍ လျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

အထက(တာလေ) တာချီလိတ်ခရိုင်မှ မနန်းဖွမ်းတစ်၏အမည်မှန်မှာ မနန်းဖောင်းတစ်ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၅-၆-၁၉၉၅ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/သမိုင်း၊ မြေကွက်အမှတ်-၆၈/ မှ-၆၊ မြေကွက်တည်နေရာအမှတ်(၉၁)၊ (၆)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဒေါ်ငြိမ်းရင်)အမည်ပေါက် မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက်မိခင် ဒေါ်ငြိမ်းရင်နှင့် ဖခင်ဦးဘရှင်ကွယ်လွန်သဖြင့် ဒေါ်သန်းရီ[၁၂/မရက(နိုင်)၀၈၀၇၂၃]၊ ဒေါ်အေးမြင့်[၁၂/မရက(နိုင်)၀၇၀၆၂၅]၊ ဒေါ်စောရီ[၁၂/အစန(နိုင်)၁၀၉၁၇၄]တို့က သမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အမှားပြင်၊ စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို နေပြည်တော် ပေါင်းလောင်းဂိုဒေါင်အရောက် တန်ဖိုးမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

ပစ္စည်းအမျိုးအမည်	အရေအတွက်
Turbine Oil	730 Drums
Compressor Oil	38 Drums
Engine Oil	30 Drums
Gear Oil	60 Drums
Transformer Oil	15 Drums
Grease	22 Drums

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်မှာ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၆ ရက် မွန်းတည့် ၁၂း၀၀ နာရီ ဖြစ်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၄၁၁၀၇၆



ACCOUNT CARE
(Peachtree Accounting)
Job Costing

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၅၉၀၀၀ိ/-၁၀၀ဝိ/- ၆၄၀၀၀ိ/-)ရာထူးနေရာများ လစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

(က) ဒုတိယဦးစီးမှူး (မြေယာရှုခင်း) (၄)နေရာ
(ခ) ဒုတိယဦးစီးမှူး (ဥပဒေ) (၃)နေရာ
(ဂ) ဒုတိယဦးစီးမှူး (စီမံခန့်ခွဲရေး) (၆)နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၅-၂၀၁၁ရက်တွင် အသက်(၃၀)နှစ် ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ထက်မကျော်ရ။
(ဂ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်ရမည်။
(ဃ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(င) ဒုတိယဦးစီးမှူး (မြေယာရှုခင်းရာထူး)အတွက် B.Ag ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(စ) ဒုတိယဦးစီးမှူး(ဥပဒေရာထူး)အတွက် LL.B ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဆ) ဒုတိယဦးစီးမှူး(စီမံခန့်ခွဲရေးရာထူး)အတွက် တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိပြီးသူ ဖြစ်ရမည်။
(ဇ) အထက်ပါရာထူးများအတွက် လုပ်ငန်းသဘာဝအရ အမျိုးသားကို ဦးစားပေးမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်သို့ ၃၀-၆-၂၀၁၁ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၀၀ဝိ/- ပေးသွင်းသည့် ချလန်မူရင်း (သို့မဟုတ်) စာတိုက်ပေးပို့လွှာ (Money Order) ပြေစာမူရင်း။

၄။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို တာဝန်ထမ်းဆောင်ရာဌာနအဖွဲ့အစည်းများမှတစ်ဆင့် ၃၀-၆-၂၀၁၁ရက် နောက်ဆုံးထား၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)နေပြည်တော်သို့ ပေးပို့ရမည်။ (ကြိုတင်မိတ္တူကို တိုက်ရိုက်ပေးပို့ရမည်။)

၅။ စာမေးပွဲဝင်ကြေးငွေကျပ်၁၀၀ဝိ/-ကို မြန်မာ့စီးပွားရေးဘဏ် ရန်ကုန်မြို့အတွက် ငွေစာရင်းအမှတ် MD-001049 သို့လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်အတွက် ငွေစာရင်းအမှတ် MD-000862သို့လည်းကောင်း၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် သက်ဆိုင်ရာစာတိုက်မှတစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ (Money Order) လိပ်စာ၊ ဦးမြင့်စိုး(ရုံးအုပ်)၊ စီမံရေးရာဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်ဖြင့် ပေးသွင်းရမည်။

၆။ အသေးစိတ်အကြောင်းအရာများကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော် တယ်လီဖုန်းအမှတ်(၀၆၇-၄၀၇၃၁၂)တွင် စုံစမ်းနိုင်ပါသည်။

၇။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ကျင်းပမည်။

၈။ လျှောက်ထားသူများသည် ၁၆-၇-၂၀၁၁ ရက်နှင့် ၁၇-၇-၂၀၁၁ရက်များတွင် အရည်အချင်းစစ်စာမေးပွဲ စစ်ဆေးမည်ဖြစ်ပါသည်။

၉။ ၈-၇-၂၀၁၁ရက်မှစ၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀) နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။



ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၆၆)၊ မြေညီထပ်(အနောက်ဘက်အစွန်ဆုံးအခန်း)၊ (၁၃ပေ×၇၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားအမွေဆက်ခံပိုင်ဆိုင်လျက်ရှိသူများဖြစ်သော ဒေါ်ညွန့်ညွန့်စိန်[၁၂/ကမတ(နိုင်)၀၁၀၂၇၀]၊ ဦးရန်နောင်မင်းလွင်[၁၂/ကမတ(နိုင်)၀၄၇၈၆၇]၊ ဦးရဲထွဋ်နောင်[၁၂/ကမတ(နိုင်)၀၆၆၀၃၉]၊ ဦးကျော်သူရထွန်း[၁၂/ကမတ(နိုင်)၀၆၈၆၆၅]တို့ထံမှ အပြီးပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်အနေဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ထွန်းမင်း(B.Sc, H.G.P, DBL)
အထက်တန်းရှေ့နေ(စဉ်-၁၉၂၈၁)
(၂၇/ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉၂၆၄၆၁၊ အိမ်ဖုန်း-၅၈၃၄၆၉

လေလံကြော်ငြာ

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးမပြုတော့သည့် အောက်ဖော်ပြပါ စက်ပစ္စည်း(၆) မျိုးအား အိတ်ပိတ်ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည် ဖြစ်ပါသည်။
(က) လေလံတင်ရောင်းချမည့်ပစ္စည်းများ-
- Horizontal Whirler (Japan)
- Horizontal Whirler (England)
- Printing Down Frame (England)
- Printing Down Frame (Japan)
- Printing Down Frame (England)
- Lettering Press (Sha-ken) (Japan)

(ခ) လေလံလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန်- ၁-၆-၂၀၁၁ ရက်မှ ၁၃-၆-၂၀၁၁ ရက်ထိ ရုံးချိန်အတွင်း။
(ဂ) လေလံလျှောက်လွှာဖွင့်မည့်ရက်/အချိန်- ၁၄-၆-၂၀၁၁ ရက်(အင်္ဂါနေ့) ၁၂း၀၀ နာရီ။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြေတိုင်းဦးစီးဌာန၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာလမ်းသွယ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၆၆၂၉၃၀၊ ၆၆၂၅၅၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်
မြန်မာရူဘီအင်တာပရိုက်(စ်)(ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာရူဘီအင်တာပရိုက်(စ်)(ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်မှ အောက်ဖော်ပြပါ မော်ချီး ခဲမဖြူ-အဖြိုက်နက်ရောရာသတ္တုရိုင်းများ ရောင်းချရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ ပစ္စည်းအမျိုးအမည်နှင့်တန်ချိန်	-	TIN,TUNGSTEN, SCHEELITE, MIXED CONCENTRATES MAW CHI MIXED ORE (179.842)Mts
၂။ DELIVERY	-	AT YANGON SITE
၃။ PRICING	-	PRICING TO BE QUOTED IN EURO ONLY
၄။ PAYMENT	-	(T.T) NOT LATER THAN (30) DAYS, AFTER ACCEPTANCE OF THE OFFER.
၅။ တင်ဒါပိတ်ရက်နှင့်အချိန်	-	၁၄-၆-၂၀၁၁ ရက် ၁၂း၀၀နာရီ
၆။ တင်ဒါပေးသွင်းရမည့်နေရာ	-	မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာရူဘီအင်တာပရိုက်(စ်)(ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက် ဖုန်းနံပါတ်-၀၁-၃၇၀၅၆၁၊ ၀၁-၃၇၁၀၅၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်
အမှတ်(၂၄/၂၆)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်
မြဝတီဘဏ်လီမိတက်(ယခင်ဗဟိုဘဏ်)အဆောက်အအုံ

ဦးသိန်းနု(ဘ)ဦးရွှေသိန်း[၁၁/ရဗန(နိုင်)၀၀၄၅၆၆]အား လွှဲအပ်ထားသော ၂၈-၁၁-၂၀၀၇ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

မအူပင်မြို့နယ်၊ တလုပ်လပ်အနောက်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၈၇၉)၊ ဦးပိုင်အမှတ်-၁၇/၃၈၊ ဧရိယာ(၀.၀၉)ဧက မြေကွက်ပေါ်ရှိ အိမ်အပါအဝင် သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်သူ ဦးကျော်အေး(ဘ)ဦးဘာဘူ[၁၂/လကန(နိုင်)၁၃၃၆၈၉]၊ တိုက်(၁)၊ ၇လွှာ၊ ဦးထွန်းလင်းခြံလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေသူက ဦးသိန်းနု(ဘ)ဦးရွှေသိန်း[၁၁/ရဗန(နိုင်)၀၀၄၅၆၆]၊ အမှတ်(၁၂၂/အေ)၊ မြေညီထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်နေသူအား လွှဲအပ်ခဲ့သော ၂၈-၁၁-၂၀၀၇ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ဦးသိန်းနုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-ဦးစံတင်
B.A,H.G.P.,R.L (Advocate)
တရားလွှတ်တော်ချုပ်ရှေ့နေ
ဈ/၃၂၀၊ တန်းမကြီးလမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊ ဖုန်း-၀၁-၆၂၉၂၉၇

ကျေးဇူး ဆပ်ပါမည် ကျွန်တော် ဇာနည်မင်း၏ BST အမှတ် ၃၆၂၀၇/၀၉ လက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၄၉၄၅၃**

မိဘအမည်မှန်

အထက (ဘီးလင်း) နဝမတန်းမှ မဆုသူသူထက်၏ မိဘအမည်မှန်မှာ ဦးဝင်းမြင့်-ဒေါ်နွယ်နီဆန်း ဖြစ်ပါသည်။

ဦးဝင်းမြင့်-ဒေါ်နွယ်နီဆန်း

အမည်ပြောင်းခြင်း

အဖ ဦးကောင်းခန့်ဖိုလ်၏သမီး အမက(၁)ဗဟန်း Grade (1)Bမှ မမေသူခန့်အား မေသူကောင်းခန့်ဖိုလ်ဟု ပြောင်းလဲခေါ်ပါရန်။

မေသူကောင်းခန့်ဖိုလ်

အမည်ပြောင်း

အလက(၂)ဒဂုံ၊ သတ္တမတန်း(A)မှ အဖ ဦးလှမျိုးဟန်၏သမီး မခိုင်ငြိမ်းစုသာအား မအင်ကြင်းဖြူဖြူဟုလည်းကောင်း၊ စတုတ္ထတန်း(A)မှ မဇာလီလီဟန်အား မခိုင်ဇင်ဇင်ထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

အဘိဓမ္မာသင်တန်းဖွင့်လှစ်မည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)၏ ဩဝါဒကိုခံယူလျက် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်အတွင်း၌ အဘိဓမ္မာသင်တန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သာသနာရေးဦးစီးဌာနမှ အဘိဓမ္မာစာမေးပွဲများ ကျင်းပချိန်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုပူဇော်နိုင်ပါသည်။

နေ့ရက်	-	(၁၃၇၃ ခုနှစ်၊ နယုန်လဆန်း၃ရက်) ၄-၆-၂၀၁၁ရက် (စနေနေ့)။
အချိန်	-	မွန်းလွဲ ၁၂း၃၀ နာရီမှ ၂း၀၀ နာရီအထိ။
နေရာ	-	သိမ်တော်ကြီး ကိုးထပ်ဆောင်၊ သတ္တမထပ်၊ မဟာသိမ်တော်ကြီးကျောင်းတိုက်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၄/က^၁၉)၊ အကျယ်အဝန်း(၀.၁၃၆)ဧကအကျယ်ရှိ မြေနှင့်တကွ ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၁၅/B)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးမောင်မောင်ရဲထန်[၁၄/ကပန(နိုင်)၀၀၁၁၅၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ် ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်ကျော်လင်း(LL.B)	**ဒေါ်ခင်မာဆွေ (LL.M)**
(စဉ်-၇၀၄၂)	**(စဉ်-၂၂၀၅၁)**
တရားလွှတ်တော်ချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**

အခန်းအမှတ်(၁၀၃/စီ၊ ၁၀၃/ဒီ)၊ တိုက်အမှတ်(၉/၁၁)၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၆၁၁၂၈၊ ၀၉-၅၀၃၈၉၇၄

ဒေါက်တာ ဒေါ်ခင်သင်းသင်းကြည် အမြန်ဆက်သွယ်ပါရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်(၄)လမ်း၊ (၃)ရပ်ကွက်၊ တိုက်(၂)၊ အခန်း(၃)တွင် နေထိုင်ခဲ့သော ယခင်ဒူးမက်ကုမ္ပဏီမှ ဒေါက်တာ ဒေါ်ခင်သင်းသင်းကြည်[၁၄/ပသန(နိုင်)၀၂၅၀၉၅]ဗင်ကား(၈က/၄၆၇၈)၏ လိုင်စင်ကိစ္စဆောင်ရွက်ရန်အတွက် ဖုန်း-၀၉-၅၁၈၆၇၀၃သို့ အမြန်ဆုံး ဆက်သွယ်ပေးပါ။

ဒေါ်ခင်မြမြ
[၉/မထလ(နိုင်)၀၄၀၂၅၉]
ဖုန်း-၀၉-၅၁၈၆၇၀၃

ခွေးရောင်းမည်

Import မှ ပေါက်သော Collie သားပေါက်လှလှကလေးများ ရောင်းမည်။ ကာကွယ်ဆေးထိုးပြီး။

ဖုန်း-၆၅၁၉၇၉၊ ၆၆၇၄၄၃

စာအုပ်စာပေ လူ့မိတ်ဆွေ

❑ တည်ငြိမ်အေးချမ်းမှု တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှု ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

စွမ်းအင်နည်းပညာ အင်တာနက်သတင်း ဘာသာပြန် - ရောမောင်

အလွန်ကြီးမားသော ကမ်းလွန်ရေနံတူးစင်ကို ပင်လယ်ရေကြောင်းသွားလာနိုင်မှု စမ်းသပ်

ပေကျင်း မေ ၂၇

တရုတ်နိုင်ငံ၏ နောက်ဆုံးပေါ်နည်းပညာသုံး ကမ်းလွန်ရေနံတူးစင်ကို တည်ဆောက်ပြီးစီးခဲ့ရာ မေ ၂၆ ရက်တွင် ပင်လယ်ရေကြောင်းခရီးစဉ် သွားလာနိုင်မှုစွမ်းပကားကို စမ်းသပ်ခဲ့ကြောင်း ပြည်သူ့နေ့စဉ်သတင်းစာ၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အလွန်ကြီးမားလှသည့် ယင်းရေနံတူးစင်ကို CNOOC 981ဟု အမည်ပေးထားသည်။

တန်ချိန် ၃၁၀၀၀ရှိ ရေနံတူးစင်၏ ကုန်းပတ်မှာ ဘောလုံးကွင်းတစ်ကွင်းစာ ကျယ်ဝန်းသည်။

အဆိုပါရေနံတူးစင်ကို နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီဖြစ်သော တရုတ်အမျိုးသား ကမ်းလွန်ရေနံကော်ပိုရေးရှင်းထံ မေ ၂၃ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါကုမ္ပဏီသည် တရုတ်နိုင်ငံ၏ အကြီးဆုံးသော ကမ်းလွန်ရေနံလုပ်ငန်းကုမ္ပဏီ ဖြစ်သည်။

CNOOC 981 အမည်ရှိ ရေနံတူးစင်ကို တရုတ်နိုင်ငံတော်သင်္ဘောတည်ဆောက်ရေး ကော်ပိုရေးရှင်းက တည်ဆောက်ပေးခဲ့သည်။

အဆိုပါ ရေနံတူးစင်သည် ပင်လယ်ရေအနက် ပေ ၁၀၀၀၀၌ လုပ်ငန်းဆောင်ရွက်နိုင်ပြီး ပေပေါင်း ၃၉၀၀၀အနက်အထိ တူးဖော်နိုင်ကြောင်း သင်္ဘောတည်ဆောက်ရေးအင်ဂျင်နီယာများက ပြောကြားကြသည်။ တရုတ်နိုင်ငံ၏ လက်ရှိရေနံတူးစင်များသည် ပေပေါင်း ၁၆၄၀ ထက်ကျော်လွန်ကာ တူးဖော်နိုင်ခြင်းမရှိပေ။



တရုတ်နိုင်ငံ၏ နောက်ဆုံးပေါ်နည်းပညာသုံး ကမ်းလွန်ရေနံတူးစင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ်းလွန်ရေနံတူးစင်သစ်ကို တောင်တရုတ်ပင်လယ်၌ အထိုင်ချကာ ဇူလိုင်လမှစ၍ ရေနံနှင့် ဓာတ်ငွေ့ရှာဖွေမှု စတင်ပြုလုပ်ရန် စီစဉ်ထားသည်။

စာမျက်နှာ ၅ ကော်လံ ၃ သို့ ❍

အနောက်တောင်မုတ်သုံလေ ဝင်ရောက်

နေပြည်တော် မေ ၂၇

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။ (ကြေးမုံ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၇-၅-၂၀၁၁

သိမ်ဇရပ်	၃ ဒသမ ၀၃ လက်မ
တောင်ကုတ်	၁ ဒသမ ၈၉ လက်မ
မအူပင်	၁ ဒသမ ၇၇ လက်မ
ကျောက်ထု	၁ ဒသမ ၇၃ လက်မ
သီပေါ	၁ ဒသမ ၆၁ လက်မ
စစ်တွေ	၁ ဒသမ ၅၇ လက်မ

ယနေ့ သတင်းအညွှန်း

ဝင်ဘလေတွင် ရင်ခုန်ကြရတော့မည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ (သတင်း) စာမျက်နှာ - ၁၀

ပြင်သစ်ရဟတ်ယာဉ်တင် သင်္ဘောလေးစင်း ရုရှားသို့ ရောင်းချ (သတင်း) စာမျက်နှာ - ၄

နေရောင်ခြည်စွမ်းအင်သုံး နေအိမ်အလုံးပေါင်း ၁၀ သန်း ဂျပန်တည်ဆောက်မည် (သတင်း) စာမျက်နှာ - ၄